# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားတဲ့အခါမှာ မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်၊ မဲဆန္ဒနယ်မြေပါ ဖော်ပြပြီးတော့ ရက်များကို ဖော်ပြစရာမလိုဘဲ တစ်စပ်တည်း တင်ပြသွားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၆၄ ဦး တက်ရောက်ပြီး ခွင့်ပန်ကြားသူ

စုစုပေါင်း ၅၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၂၆ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၂ ရက်၊

(၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၃) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၄) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၂ ရက်၊

(၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၆) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၇) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၂ ရက်၊

(၈) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်၊

(၉) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၀) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၁၁) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၁၂) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၁၄) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၁၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၁၆) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၁ ရက်၊

(၁၇) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၂ ရက်၊

(၁၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၂၀) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၂၁) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၂ ရက်၊

(၂၂) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၂၃) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၂၄) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၂၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၂၆) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၂၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၂ ရက်၊

(၂၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၂၉) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊

(၃၀) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၃၁) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်၊

(၃၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရွှေတောင်မြို့ သရက်တောရပ်ကွက်အတွက် မီးသတ်ကားတစ်စီးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် ဖြစ်ပါတယ်။ ကျွန်မတင်ပြမေးမြန်းလိုတာကတော့ မီးသတ်ကားပေးနိုင်ပါရန်တင်ပြမေးမြန်းခြင်းဖြစ်ပါတယ်။ ရွှေတောင်မြို့ပေါ်မှာ ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်၊ သရက်တောရပ်ကွက်ဟူ၍ ရပ်ကွက်သုံးခုရှိသည်နှင့် သရက်တောရပ်ကွက်သည် လူနေစိပ်ပြီးနွမ်းပါးသူများသောရပ်ကွက်ဖြစ်ပါသည်။ နွမ်းပါးသူများသောကြောင့်လည်းပဲ နွမ်းပါးသူများ၍ လူနေစိပ်သောကြောင့် မီးဘေးကိုရာသီမရွေး ကြောင့်ကြနေကြရပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းမှ လက်ရှိထွက်ပေါ်လာသော ခန့်မှန်းစာရင်းများအရ သရက်တောရပ်ကွက်တွင် အိမ်ခြေ ၁၉၁၃ အိမ်၊ အိမ်ထောင်စုပေါင်း ၁၉၁၃ စု၊ လူဦးရေ ၇၂၈၇ ဖြစ်ကြောင်း ခန့်မှန်းသိရှိရပါသည်။ သရက်တောရပ်ကွက်သို့ အသုံးပြုရန် ပေးအပ်ထားသော မီးသတ်ကားသည် ကာလရှည်ကြာပြီဖြစ်သဖြင့် ပြင်ဆင်မရအောင် အခြေအနေဆိုးရွား အဆင့်မမီတော့သဖြင့် ရက်ကွက်အတွင်းရှိ အများပြည်သူများ၏ ဆန္ဒနှင့်အညီ သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါသည်။ မီးလောင်မှုဖြစ်ပွားလျှင် ခရီး ၁၀ မိုင်ကွာသော ပြည်မြို့မှ မီးသတ်ကားများဖြင့် လာရောက်ကူညီငြှိမ်းသတ်ပေးနေရပါသည်။ သို့ဖြစ်ပါ၍ ရွှေတောင်မြို့ သရက်တောရပ်ကွက်အတွက် သီးသန့်မီးသတ်ကားတစ်စီး အရေးတကြီးအမှန်လိုအပ်နေပါသောကြောင့် မီးသတ်ကားတစ်စီး တောင်းခံအပ်ပါသည်။ ပေးရန်အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်နဲ့ အိမ်ခြေ ၂၉၅၃၀ လုံး၊ အိမ်ထောင်စု ၂၉၅၃၉ စု၊ လူဦးရေ ၁၂၈၈၃၅ ဦး၊ ကျေးရွာအုပ်စုပေါင်း ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၂၉၇ ရွာရှိပါတယ်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့အထိ ၁၀ နှစ်ကျော်ကာလအတွင်းမှာ မီးလောင်မှု ၁၄ ကြိမ်ဖြစ်ပွားခဲ့ပြီး တန်ဖိုးငွေကျပ် ၁၁၈၆၇၃၈၀ ဆုံးရှုံးမှုဖြစ်ပွားခဲ့ပါတယ်။ လက်ရှိမှာ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား ၁၄ ဦး၊ မီးသတ်ယာဉ် ၂ စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်စက် ယာဉ်တစ်စီးတို့နဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၇၀ ဦးနဲ့အတူ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေတောင်မြို့နယ် သရက်တောရပ်ကွက် အရန်မီးသတ်စခန်းမှာရှိတဲ့ ဌာနပိုင်(ယာဉ်/၈၂၂၂) ဖို့ဒ်ဆန်းမီးသတ်ရေသယ်ယာဉ်ဟာ ပြုပြင်သုံးစွဲ၍မရတော့တဲ့အတွက် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ကို ပြန်လည်အပ်နှံခဲ့ပါတယ်။ နိုင်ငံတော်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်တိုင်းမှာ ဦးစီးအရာရှိ ဦးစီးအင်အား ကိုးဦးပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးတစ်ရုံး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား ၂၈ ဦး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး စုစုပေါင်း လေးစီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း တစ်စခန်းနဲ့ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးအင်အား ကိုးဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်နှစ်စီး ပါဝင်တဲ့နယ်မြေမီးသတ်စခန်းတို့ဖြင့် တာဝန်ချသွားရန် နိုင်ငံတော်မှ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ရွှေတောင်မြို့နယ် မီးသတ်စခန်းမှာ မူလကမီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် မီးသတ်စက်ယာဉ်တစ်စီးရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ ထပ်မံထုတ်ပေးခဲ့တဲ့အတွက် လက်ရှိမှာ မီးသတ်ယာဉ်လေးစီးရှိတဲ့အတွက် ဖွဲ့စည်းပုံသတ်ချက်နဲ့ ကိုက်ညီလျက်ရှိပါတယ်။ မီးသတ်ဦးစီးဌာန

အနေနဲ့ မြို့နယ်အဆင့်/ခရိုင်အဆင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းစဉ် ချမှတ်ထားပြီးတော့ နီးစပ်ရာမြို့နယ်များမှ ယာဉ်အုပ်စုစနစ်နဲ့ စုဖွဲ့ပြီးတော့ မီးလောင်မှုများကို အဆင့်လိုက်ထွက်ခွာ ငြှိမ်းသတ်ရတဲ့အတွက်ကြောင့် ခရိုင်ရုံးစိုက်ရာ ပြည်မြို့မှ မီးသတ်ယာဉ်များ ရောက်ရှိမီးငြှိမ်းသတ်ခြင်းဖြစ်ပါတယ်။ ရွှေတောင်မြို့၊ သရက်တောရပ်ကွက်ဟာ မြို့ပေါ်ရပ်ကွက် တစ်ခုဖြစ်ပြီးတော့ ရွှေတောင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနဲ့ ၁ ဖာလုံ သာကွာဝေးတဲ့အတွက် မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်စခန်းမှာရှိတဲ့ မီးသတ်ယာဉ်လေးစီးနဲ့ အချိန်တိုအတွင်း ရောက်ရှိငြှိမ်းသတ်နိုင်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေနဲ့ မီးသတ်စခန်းနဲ့ မီးငြှိမ်းသတ်ယာဉ်များ ဖြည့်တင်းရေးအတွက် ဦးစားပေးအဆင့် သတ်မှတ်ရာမှာ မြို့တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစတဲ့ အစီအစဉ်အပြင် အိမ်ခြေနဲ့ လူဦးရေထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ စက်ရုံ/အလုပ်ရုံများတည်ရှိမှု၊ ၁၀ နှစ်အတွင်း မီးလောင်မှုအကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ်ဝင်/ထွက်နိုင်တဲ့လမ်းများစတဲ့ အချက်များပေါ်မူတည်ပြီး ဦးစားပေးအဆင့်သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့ သရက်တောရပ်ကွက်ဟာ ရပ်ကွက်အဆင့်ဖြစ်တဲ့အပြင် မြို့နယ်မီးသတ်စခန်းမှ အချိန်တိုအတွင်း သွားရောက်မီးငြှိမ်းသတ်နိုင်တဲ့အတွက်ကြောင့် လတ်တလောအခြေအနေမှာ မီးငြှိမ်းသတ်ယာဉ်ဖြည့်ဆည်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တပ်မှ သိမ်းဆည်းထားသော ငပုတောမြို့နယ် အုန်းကျွန်းကြီးရှိ ဥယျာဉ်၊ လယ်မြေများအတွက် လျော်ကြေးငွေ၊ တပ်နှင့်အလှမ်းကွာဝေးသောနေရာများတွင် သိမ်းဆည်းထားသည့် ဥယျာဉ်ခြံမြေတို့အား မည်ကဲ့သို့ စီစဉ်ပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ တပ်မတော်တပ်ရင်းတပ်ဖွဲ့များက သိမ်းဆည်းထားတဲ့ လယ်ယာမြေများနဲ့ပတ်သက်ပြီး သိရှိလိုတဲ့အကြောင်းအရာကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲနှင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲမှာ ငရုတ်

ကောင်းမြို့နယ်ခွဲ အုန်းကျွန်းကြီးမှာဆိုရင် ကျွန်မတို့ ဒေသခံ ပန်းမောဒေသက တောင်သူတွေဟာ သူတို့ရဲ့ ရေရှည်အကျိုးစီးပွားရေးအတွက် သက်သက်နေမယ်ဆိုပြီးတော့ သူတို့ အပင်များစိုက်ပျိုးထားပါတယ်။ အုန်းပင်တို့၊ ကွမ်းသီးပင်တို့ နောက်တစ်ခါ အခြားရာသီပေါ်သီးနှံတွေလည်း စိုက်ပျိုးထားပါတယ်။ ပင်လယ်ပြင်လုံခြုံရေးအရဆိုပြီးတော့ အမှတ်(၂၇၁)တပ်ရင်းကနေပြီးတော့ ဒီအုန်းကျွန်းကို သူတို့က သိမ်းယူခဲ့ပါတယ်။ သိမ်းယူပြီးတော့ ဒေသခံတောင်သူတွေမှာ မည်သည့်အကျိုးခံစားခွင့်မှ မရရှိဘဲနဲ့ အခုအချိန်မှာ သေတဲ့သူကသေ၊ နာမကျန်းဖြစ်တဲ့သူကဖြစ်ပြီးတော့ ဆင်းရဲဒုက္ခခံစားနေရတာက တစ်ခုပါ။ နောက်တစ်ခုကတော့ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ဒီးဒူးကုန်းကျေးရွာအုပ်စု ထိပ်စွန်းတပ်စခန်းမှာ တပ်စခန်းချမလို့ဆိုပြီးတော့ အမှတ်(၂၇၁)တပ်ရင်းကပဲ စခန်းတစ်ခုလုပ်ထားပါတယ်။ အဲ့ဒီမှာလည်း တောင်သူပိုင်တဲ့ အိုးအိမ်၊ ခြံမြေတွေနဲ့ လယ်တွေများစွာ ပါဝင်သွားပါတယ်။ အဲ့ဒီမှာလည်း တပ်ရဲ့ခြံအပြင်ဘက်မှာ ကျန်နေတဲ့လယ်မြေ ၁၂ ဧကကိုလည်း ဒေသခံတောင်သူတွေက ပြန်လည်လုပ်ကိုင်လိုတဲ့အကြောင်း ကျွန်မတို့ တင်ပြပေမယ့် ယနေ့အထိ ဘာမှပြန်ကြားခြင်းမရှိပါဘူး။

နောက်တစ်ခုကတော့ မြောင်းမြမြို့နယ် ပျဉ်ပုံကျေးရွာအုပ်စု ညောင်းချောင်းလေးကျေးရွာအုပ်စုမှာ အမှတ်(၂၇) တပ်ရင်း(မအူပင်)၊ အမှတ်(၉၈)တပ်ရင်း(ဖျာပုံ)၊ အမှတ်(၆၃)တပ်ရင်း(အိမ်မဲ)၊ အမှတ်(၅၃၄) တပ်ရင်း(မော်လမြိုင်ကျွန်း)၊ အမှတ်(၉၃)တပ်ရင်း(မြောင်းမြ)တို့ တပ် ငါးတပ်ကနေပြီးတော့ တပ်ရင်းတစ်ရင်းကို ဧက ၁၀၀ စီနဲ့ သူတို့ ရော်ဘာစိုက်ဖို့ဆိုပြီးတော့ သိမ်းယူထားပါတယ်။ ဒါပေမယ့် ကျွန်မတို့ လယ်ယာမြေကော်မရှင်တွေ သွားရောက်ပြီးတော့ ပြန်ပြီးတော့ အစီရင်ခံတဲ့အခါမှာ ဒါတွေကို တပ်နဲ့တစ်ဆက်တစ်စပ်တည်း မရှိတဲ့အတွက်ကြောင့် ပြန်လည်ပေးဖို့ဆိုပြီးတော့လည်း ကျွန်မတို့ ပြန်လည်ပြီးတော့ တင်ပြထားပါတယ်။ သို့သော်လည်း ဒီကနေ့အထိ ပြန်လည်မရရှိတဲ့အပြင်မှာ အဲ့ဒီမှာရှိနေတဲ့ (၂၇)တပ်ရင်း(မအူပင်)နဲ့ (၉၈) ဖျာပုံတပ်ရင်းကနေပြီးတော့ အဲ့ဒီဒေသခံတောင်သူ (၂၇)ကနေဆိုရင်တော့ သုံးဦးပေါ့။ (၉၈)ကတော့ ကိုးဦးတို့ကို ဒီကနေ့ တရားစွဲဆိုထားတဲ့အတွက်ကြောင့် တိုင်းတရားရုံးမှာ တရားရင်ဆိုင်နေကြရပါတယ်။ ဒီသုံးခုနဲ့ပတ်သက်ပြီးတော့ တပ်မတော်တပ်ရင်းတပ်ဖွဲ့များရဲ့ သိမ်းဆည်းထားတဲ့မြေများနဲ့ပတ်သက်ပြီး မည်ကဲ့သို့ ပြန်လည်ဆောင်ရွက်ပေးမည်ကိုသိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မေးခွန်းကိုပြန်ပြီးတော့ မဖတ်ပြတော့ပါဘူး။ သုံးခုနဲ့ပတ်သက်လို့ ကျွန်တော် အချိန်ကိုင့်ညှာသောအားဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်အနေနဲ့ မိမိရဲ့ ဒေသမှာ သိမ်းဆည်းထားသော မြေယာများဖြစ်တဲ့ ငပုတော၊ ဟိုင်းကြီး၊ မြောင်းမြမြို့နယ်များမှာ သိမ်းဆည်းခံ ဥယျာဉ်လယ်မြေများနဲ့ပတ်သက်လို့ တင်ပြပေးတဲ့အတွက် ဒေသခံလယ်သမားများ မှလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်သလိုပါပဲ ဒီဒေသက လယ်မြေများအခြေအနေ နဲ့ပတ်သက်လို့ ကျွန်တော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကျွန်တော်ကပဲ လွှတ်တော် ကိုယ်စားလှယ်ကြီးကို အသေးစိတ်သိရှိနိုင်ရန်အတွက် ပြန်လည်ရှင်းလင်းနိုင်တဲ့အနေအထားရှိတဲ့ အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ပြန်လည် စွန့်လွှတ်တဲ့ဧက ဘယ်နှစ်ဧကရှိသွားပြီဆိုတာရယ် ကျွန်တော်တို့ အကြောင်းအရင်းခိုင်လုံ၍ စွန့်လွှတ် နိုင်တဲ့ မြေအနေအထားနဲ့ပတ်သက်ပြီးတော့ မစွန့်လွှတ်နိုင်တဲ့အခြေအနေ၊ တစ်စိတ်တစ်ဒေသက စွန့်လွှတ်နိုင်တဲ့မြေနဲ့ပတ်သက်လို့ တစ်စိတ်တစ်ဒေသ စွန့်လွှတ်ရတဲ့အခြေအနေနဲ့ အားလုံးစွန့်လွှတ် ပေးတဲ့မြေများနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီမြေယာကိစ္စများဖြေကြားတဲ့အခါမှာ အလျဉ်းသင့်သလို ကျွန်တော်တို့ ထည့်သွင်းဖြေကြားပြီး ဖြစ်ပါတယ်။ ယခုမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲအတွင်းရှိ အုန်းကျွန်း လေး၊ ပုဂံကျွန်း၊ သဲဖြူကျွန်း၊ သစ်ရောင်းကျွန်း၊ မြင်းစီးကျွန်းနှင့် မိချောင်းခေါင်းကျွန်းတို့ဟာ စခန်း နယ်မြေအဖြစ် မတည်ဆောက်မီအချိန်က လူမနေသည့် မြေလွတ်မြေရိုင်း၊ အစိုးရပိုင်မြေများသာဖြစ် ပြီးတော့ ဦးပိုင်ပေါက် တောင်သူများမရှိသဖြင့် လျော်ကြေးငွေပေးချေခြင်းမရှိကြောင်း ဖြေကြားလိုပါ တယ်။ အဆိုပါမြေနေရာများမှာ မဆုတ်တမ်း ခံစစ်စခန်းဆောက်လုပ်ထားပြီး အနာဂတ်စစ်ဆင်ရေး၊ အနောက်ဘက်ကမ်းခြေဒေသ ပင်လယ်ပြင်စိုးမိုးရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ရန်အတွက် မဖြစ်မနေထားရှိရမည့် စစ်ဗျူဟာအရေးကြီး မြေနေရာများဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်ပေးမည့်မြေ မဟုတ်ကြောင်းနှင့် လျော်ကြေးငွေလည်း ပေးလျော်ရန်မရှိကြောင်း ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ဒီးဒူးကုန်းကျေးရွာအုပ်စု အတွင်းရှိ ထိပ်စွန်းမဆုပ်တမ်းခံစစ်စခန်း ပြင်ပမှာရှိတဲ့ မြေဧက ၁၂ ဧကကို ပြန်လည်တင်ပြရမယ် ဆိုရင် ကျွန်တော်တို့ စခန်းနယ်မြေအဖြစ် မသိမ်းယူမီအချိန်က ဦးပိုင်အမည်ပေါက် တောင်သူလယ်ယာ မြေများမဟုတ်ဘဲ အစိုးရပိုင် မြေလွတ်မြေရိုင်းသာဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဆိုပါမြေနေရာ ဟာ မဆုပ်တမ်းခံစစ်နယ်မြေဖြစ်ပြီးတော့ အနာဂတ်စစ်ဆင်ရေးနဲ့ အနောက်ဘက်ကမ်းခြေဒေသ ပင်လယ်ပြင်စိုးမိုးရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ရန်အတွက် မဖြစ်မနေထားရှိရမယ့် အရေးကြီးမြေနေရာဖြစ်တဲ့အတွက် ပြန်လည်စွန့်လွှတ်ပေးရန်မရှိကြောင်း ဖြေကြားလိုပါတယ်။

မြောင်းမြမြို့နယ်၊ ပျဉ်ပုံကျေးရွာအုပ်စုနှင့် ညောင်ချောင်းလေးကျေးရွာအုပ်စုများမှာ အခုနက ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ အမှတ်(၂၇၁) ခြေလျင်တပ်ရင်းမှသိမ်းယူထားတဲ့ ဥယျာဉ်ခြံမြေများ အနေနဲ့တော့ မရှိပါဘူး။ ဒါကို စိစစ်တွေ့ရှိပါတယ်။ ယခုလက်ရှိလုပ်ကိုင်နေတဲ့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၁ ရက် ရက်စွဲနဲ့ ကျွန်တော်တို့ အခုနက ကိုယ်စားလှယ်ကြီးတင်ပြသလိုပါပဲ ကျွန်တော်တို့ တပ်ရင်း ၅ ရင်းကနေပြီးတော့ မြေဧက ၁၀၀ နှုန်းနဲ့ စုစုပေါင်း ဧက ၅၀၀ ကို မြေလွတ်မြေရိုင်း ရှာဖွေဖော်ထုတ်ပြီး စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးရေးအတွက် ဆောင်ရွက်ရန်ခွင့်ပြုသဖြင့် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်းနဲ့ လက်ရှိလည်း မြေ ၁၃၀ ဧကနဲ့ စိုက်ပျိုးထားပါတယ်။ ဆက်လက်လည်း နှစ်စဉ် တိုးချဲ့စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီထဲမှာလည်း ကျွန်တော်တို့ မြေဧက ၅၀၀ အနက်မှ တောင်သူများလုပ်ကိုင်လျက်ရှိတဲ့ မြေဧက ၈၀ ဟာ ကျွန်တော်တို့ မြောင်းမြမြို့နယ် မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကို လွှဲပြောင်း အပ်နှံပေးခဲ့ပြီးတော့ ကျန်မြေ ၄၂၀ ဧကကိုတော့ ကျွန်တော်တို့ ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းနဲ့ တင်ပြအပ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဒေသခံလယ်သမားများရဲ့ အကျိုးကိစ္စအတွက် စေတနာထက်သန်စွာ တင်ပြပေးခဲ့သော်လည်း ဒီနယ်မြေများမှာရှိတဲ့ တောင်သူများရဲ့ ဦးပိုင်ပေါက် လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများအား သိမ်းယူခဲ့ခြင်းမဟုတ်ဘဲ ပင်လယ်ပြင်စိုးမိုးရေး၊ လုံခြုံရေးအရ သော်လည်းကောင်း၊ မြေလွတ်မြေရိုင်းများ လုပ်ထုံးလုပ်နည်းနှင့်အညီ ကိုယ်တိုင်စက်ယန္တရားအား၊

လူအားများဖြင့် ဖော်ထုတ်စိုက်ပျိုးခဲ့သည့် မြေများဖြစ်ပါသဖြင့် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင့်။ အခုနတုန်းက ဝန်ကြီးဖြေသွားတဲ့အထဲမှာ အုန်းကျွန်းကြီးဆိုတာ ကျွန်မတို့ ဒေသခံတွေ အစဉ်အဆက်လုပ်ပြီးတော့ သူတို့မှာ မြေခွန်ဆောင်ထားရတဲ့ သူတို့မှာ ပြေစာတွေ၊ အထောက်အထားတွေ အများကြီးရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်မတို့သွားတဲ့အခါမှာ အဲ့ဒီက ဒေသခံတောင်သူတွေက သူတို့ဆောင်ရွက်ခဲ့တဲ့ မြေခွန်ထမ်းဆောင်ထားတဲ့ မြေခွန်စာရွက်တွေကို ကျွန်မတို့ကို ပြပါတယ်။ ကျွန်မတို့ ကော်မရှင်အဖွဲ့ အဲ့ဒီအထိရောက်အောင်သွားပြီးတော့ ကျွန်မတို့ တွေ့ဆုံပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် အုန်းကျွန်းကြီးမှာ အစိုးရပိုင်မြေဆိုတာ ဒေသခံတောင်သူတွေမရှိဘူးဆိုတာတော့ မဟုတ်ပါဘူး။ အဲ့ဒီတော့ ဝန်ကြီးတို့အနေနဲ့ ဒီနေရာမှာ သေသေချာချာများသွားရောက်ပြီးတော့ အောက်ခြေမှာ ကွင်းဆင်းပြီးတော့ဆောင်ရွက်ခဲ့တာများဖြစ်ပါသလား။ နောက်တစ်ခုကတော့ ဒီးဒူးကုန်း။ ဒီးဒူးကုန်းမှာ လယ်များအဲ့ဒီလယ်ကို အခု အလှည့်ကျတပ်ရင်းတွေက သွားရောက် တာဝန်ထမ်းဆောင်တယ်လို့ ပြောပါတယ်။ ဒီလယ်တွေကို အခု တစ်နှစ်ကို တစ်ရာသီကို စပါး ၁၀၀ နဲ့ သီးစားချထားတယ်ဆိုတာကော ဝန်ကြီးတို့သိပါသလား။ နောက်တစ်ခုက ကျွန်မတို့ မြောင်းမြ အပိုင်မှာရှိနေတာက ကျွန်မတို့ ကော်မရှင်သွားရင်းနဲ့ ဒါကျွန်မတို့ဆက်စပ်ပြီးတော့ တင်ပြတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီဒေသမှာလည်း တောင်သူတွေရဲ့လက်ထဲမှာ သူတို့ ဒီဥစ္စာကို လုပ်နိုင်ပါတယ်ဆိုတဲ့ သူတို့ရဲ့အထောက်အထားများ ပြနိုင်ပါတယ်။ အဲ့ဒီတော့ ဝန်ကြီးတို့အနေနဲ့ ကျွန်မ သိလိုတာကတော့ အုန်းကျွန်းကြီးတို့၊ ထိပ်စွန်းတပ်စခန်းတို့နေရာမှာ သူတို့ မြေနေရာတွေကို ပြန်တောင်းတာမဟုတ်ပါဘူး။ အုန်းကျွန်းက တောင်သူတွေဟာ သူတို့ခံစားခွင့်ရှိတဲ့၊ သူတို့နှစ်ရှည်လများ စိုက်ပျိုးလုပ်ကိုင်ထားတဲ့သီးနှံအပင်တွေ သူတို့သေရင်တောင်မှ ဒီနေရာမှာ သူတို့ခေါင်းချမယ့်ပုံစံနဲ့ သူတို့စိုက်ပျိုးခဲ့တဲ့ ကွမ်းသီးပင်တို့၊ အုန်းသီးပင်းတို့၊ နှစ်ရှည်သီးနှံပင်၊ အခြားအပင်တွေလည်း အများကြီးရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ သူတို့ တော်တော်များများခံစားပြီးတော့မှ ကျွန်မတို့ကိုတင်ပြထားတာဖြစ်ပါတယ်။ တချို့တွေဆိုလို့ရှိရင် လုပ်ငန်းဖျက်လို့မိသားစုတွေဆီမှာသွားရောက်ပြီး ခိုးကိုးနေကြရတယ်။ တချို့တွေဆိုရင် ဆင်းရဲဒုက္ခတော်တော်ရပြီးတော့ သေဆုံးသွားရတဲ့လူတွေလည်း အများကြီးရှိပါတယ်။ ဒီကနေ့အထိ ကျွန်မသွားတဲ့အခါမှာ ကျွန်မတို့ကိုမေးတာ ကျွန်မတို့ဘယ်လိုမှလည်း ပြန်ဖြေလို့မရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီမေးခွန်းတွေကို မေးရခြင်းဖြစ်ပါတယ်။ စာနဲ့မေးရင်လည်း ဒီလိုပဲ ပြန်ဖြေမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့

**မူကြမ်း**

ကြယ်ပွင့်ပြမေးခွန်းနဲ့မေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အုန်းကျွန်းကြီးမှာရှိနေတဲ့ ဒေသခံတောင်သူတွေရဲ့အထောက်အထားများ ပြနိုင်တဲ့အခါမှာ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုများဆောင်ရွက်ပေးပါမလဲ။ ထိပ်စွန်းတပ်စခန်းမှာရှိနေတဲ့ လယ်ယာမြေကို နှစ်စဉ်စပါး ၁၀၀ နဲ့သီးစားချပြီးဆောင်ရွက်နေတာကော ဝန်ကြီးတို့အနေနဲ့သိပါသလား။ အဲ့ဒီလူဟာလည်း သီးစားချထားလို့လုပ်နေရပါတယ်။ ဒီကနေ ပြန်ပေးမယ်ဆိုလို့ရှိရင် ပြန်ပေးပါမယ်ဆိုပြီးတော့ ပြန်ပြီးတော့ ပြောတဲ့အသံတွေကိုလည်း ဒေသခံအသံတွေ ကြားရပါတယ်။ နောက်တစ်ခါ ညောင်ချောင်းလေးမှာလည်း တကယ်လို့ဒီတရားစွဲခံထားရတဲ့လူတွေဟာ သူတို့မှာ အထောက်အထားတွေပြနိုင်ရင်ရော ဝန်ကြီးတို့ဘက်ကနေဘယ်လိုဆောင်ရွက်ပေးပါမလဲဆိုတဲ့ အဲ့ဒီမေးခွန်းလေးကို ကျွန်မသိချင်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားပေးပါလို့ ပန်ကြားအပ်ပါတယ်ရှင့်။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်သန်းမြင့် မေးတဲ့ဟာနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ကတော့ အထောက်အထားဆိုတာကိုလည်း ကျွန်တော်တို့ပြန်လည်စိစစ်ပါမယ်။ များသောအားဖြင့် ကျွန်တော်တို့ အဲ့ဒီ မြေလုပ်တဲ့အထောက်အထားဆိုတာ ဒါကလယ်ယာမြေပိုင်ဆိုင်ခွင့်မဟုတ်ပါဘူး။ ဒါ သာမန်လုပ်တဲ့အထောက်အထားဆိုပြီးတော့ ပြေစာတွေတော်တော်များများမှာလည်း ဒီလိုအထောက် အထားတွေနဲ့တင်ပြတာရှိပါတယ်။ အဲ့ဒီတော့ အထောက်အထေားဆိုတာနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ပြန်လည်ပြီးတော့ လုပ်ပေးပါ့မယ်။ ပြန်ကြည့်ပါ့မယ်။ နောက်တစ်ခုကလည်း ယခင်ကတော့ ကျွန်တော်တို့ မလုပ်နိုင်တဲ့နေရာလေးတွေကို ၂၀၁၀-၂၀၁၁ လောက်မှာသီးစားပုံစံမျိုးနဲ့ အကျိုးတူလုပ်ခဲ့တာရှိပါတယ်။ နောက်ပိုင်းမှာ ဒါတွေကို ကျွန်တော်တို့လုံးဝလက်မခံပါဘူး။ ကျွန်တော်တို့လုပ်နိုင်တဲ့ မြေအနေအထားကိုပဲ ကျွန်တော်တို့လုပ်ပြီးတော့ ကျန်တဲ့မြေတွေကို စွန့်လွှတ်တဲ့မြေအနေအထား ဖြစ်ပါတယ်။ နောက်တစ်ခုက တရားစွဲဆိုခံထားရတဲ့ဟာနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ပြန်လည်ပြီးတော့စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဘိုကလေးမြို့နယ်ရှိ တောင်သူလယ်သမားများအတွက် တောင်သူပညာပေးသင်တန်းများ၊ ပညာပေး ဥယျာဉ်စိုက်ခင်းများ၊ ရေငန်တားတာတမံများ ဆောင်ရွက်ပေးရန်နှင့် သစ်တောကျူးဧရိယာများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်း၊ ဘိုကလေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာ စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကျဉ်းချုံးပြီး တင်ပြမေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိုကလေးမြို့နယ်သည် မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ဧက ဒုတိယအများဆုံးစိုက်ပျိုး တဲ့မြို့လည်း ဖြစ်ပါတယ်။ မိုးစပါးစိုက်ဧက ၃၁၈၂၄ ဧကရှိပြီး နွေစပါးစိုက်ဧက ၉၉၈၈၁ ဧကစိုက်ပျိုး နိုင်ပါတယ်။ ၎င်းစိုက်ပျိုးမြေဧရိယာများအနက် ရေချိုစိုက်ဧက တစ်သိန်းနှင့် ရေချို/ရေငန်စိုက်ဧက တစ်သိန်း၊ ပင်လယ်ရေငန်ဝင်စိုက်ဧက တစ်သိန်းခန့်ပါဝင်ပါတယ်။ ရေချိုစိုက် ဧကတစ်သိန်းတွင်သာ မိုးစပါးနှင့်နွေစပါး အပြည့်အဝစိုက်ပျိုးနိုင်ပါတယ်။ ရေချို/ရေငန်စက်နှင့် ရေငန်ဝင်ဧကနှစ်သိန်းခန့် တွင်နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုအလွန်အားနည်းလျက်ရှိကြောင်းနှင့် မိုးစပါးအထွက်နှုန်းမှာ လည်းနည်းနေသေးကြောင်း လေ့လာသိရှိရပါတယ်။ ရေချို/ရေငန်စိုက်ဧက တစ်သိန်းသည် ဆီထွက် သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်သော ဆည်မြောင်းကျွန်းတွင်းဧရိယာနှင့် ကျွန်းပြင်ပနေရာများတွင်ရှိသည့် ရေငန်ဝင်ဧက တစ်သိန်းခန့်သည် ယခင်သစ်တောကျူးဧရိယာအတွင်း အများစုပါဝင်နေကြောင်းတွေ့ ရှိရပါတယ်။ ၎င်းဧရိယာများအတွင်းရှိ လယ်သမားများမှာ စိုက်ပျိုးစရိတ်ချေးငွေများ မရရှိသည့် အတွက်အခက်အခဲများရှိကြောင်း တင်ပြကြပါတယ်။

ထို့အပြင် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းအင်အားနည်းပါးပြီး သွားလာရေးအတွက် ဌာနပိုင်ရေယာဉ်၊ မော်တော်ယာဉ်များမရှိသည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၌ လွှမ်းခြုံနိုင်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ အဆိုပါဒေသများတွင် မိုးစပါးတစ်သီးမှ ဆောင်းသီးထပ်များစိုက်ပျိုးနိုင်ရေး၊ ရိုးဖြတ်ကျန်ဧကနည်းပါးရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ပိုမိုလွှမ်းခြုံနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပင်လယ်ပိုင်း

ဒေသများ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးဆိုင်ရာ တောင်သူလယ်သမားပညာပေး သင်တန်းများ၊ ပညာပေးဥယျာဉ်စိုက်ခင်းများ၊ ရေငန်တားတာတမံများပြုပြင်ခြင်း၊ တည်ဆောက်ပေး ခြင်းနှင့် သစ်တောကျူးလယ်မြေများကို စိုက်ပျိုးစရိတ်ချေးငွေတိုးချဲ့ထုတ်ပေးရန် အစီအစဉ်များရှိ/မရှိ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ ကျေးရွာအသီးသီးသို့သွားရောက်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသာဝင်း၊ ရန်ကင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်က ဦးသာဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ တောင်သူလယ်သမားများ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ တိုးတက်ရရှိ ရေးအတွက် စိုက်ပျိုးရေးပညာရှင်များက ကျေးရွာအသီးသီးသို့သွားရောက်ပြီး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရေးနှင့်ပတ်သက်ပြီး မေးမြန်းလိုခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် တဲ့ ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာအောင် တည်ဆောက်လျက်ရှိရာမှာ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေလျက် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ဆောင်ရွက်လျက်ရှိကြပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်း ဟာ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနဟာ နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်နေသလိုပဲ စိုက်ပျိုးရေးတက္ကသိုလ်က နှစ်စဉ် စိုက်ပျိုးရေး နည်းပညာရှင်များကိုလည်း မွေးထုတ်ပေးလျက်ရှိတာ တွေ့ရပါတယ်။

သို့ရာတွင် ကျွန်တော်တို့နိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးက ကျေးရွာအသီးသီးမှာ လယ်ယာ လုပ်ငန်းလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားများထံသို့ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ ပြန့်ပွားရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်မှုအားနည်းလျက်ရှိသေးတဲ့အတွက် တောင်သူလယ်သမား

အများစုဟာ ယနေ့တိုင် မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူလယ်သမားများ၊ ခေတ်မီစိုက်ပျိုးရေး၊ နည်းပညာတိုးတက်ရရှိရေးအတွက် မည်ကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်းကောင်း၊ စိုက်ပျိုးရေးပညာရှင်များဟာ မြို့နယ်အသီးသီးရှိ ကျေးရွာအသီးသီးသို့ သီးနှံစိုက်ပျိုးချိန်ပေါ် အမှီပြုလျက် ပြုပြင်ပြောင်းလဲ၍ လက်တွေ့သွားရောက်ပြီး အသိပညာပေးဟောပြောပွဲများ၊ မဖြစ်မနေဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ကြံဘာသံများ)

**လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးချိန်မှ ယခုအချိန်ထိ မည်မျှခွင့်ပြုပြီးဖြစ်သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်တွင် တောင်သူလယ်သမားများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) များကို ရာနှုန်းပြည့်နီးပါးထုတ်ပေးပြီးကြောင်း သတင်းများကြားသိနေရပါတယ်။ သို့ပါသော်လည်း လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာမဲဆန္ဒနယ်မြေများသို့ လွှတ်တော် အတွေ့အကြုံရှင်းလင်းခြင်းနှင့် ပြည်သူလူထုအသံများကို နာယူမှတ်သားသည့်အခါ အချို့တောင်သူလယ်သမားများက လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) လက်ဝယ်မရရှိကြသေးကြောင်း တင်ပြမှုများ ရှိခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနများက သက်ဆိုင်ရာအထက်အဆင့်ဆင့်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)လုပ်ပေးပြီးကြောင်း စာရင်းများသည် အမှန်တကယ်ထုတ်ပေးပြီး စာရင်းများအတိုင်း ဟုတ်/မဟုတ်။ စာရင်းအမှန်အတိုင်း တင်ပြ

ခြင်းမဟုတ်ခဲ့လျှင် မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်းနှင့် ဆက်လက်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅၁(၀၀၄/၂၀၁၃)ဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းလုပ်ငန်းများအတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ စိစစ်ကြီးကြပ်ခွင့်ပြုချက်ဖြင့် ရေးကူးခွင့်ပြုရန် သက်ဆိုင်ရာဌာနများထံသို့ အကြောင်းကြားစာပေးပို့ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ မြေစာရင်းပုံစံ(၁၀၅) ရေးကူးရမည့် တည်ဆဲဥပဒေဖြစ်သော မြန်မာနိုင်ငံမြေစာရင်းလက်ဆွဲ ဥပဒေအခန်းငယ်(ဂ) မိတ္တူများလျှောက်ထားခြင်း အခန်းပါပုဒ်မ ၃၈၉ တွင် အမှုတွဲအခန်းရှိ ကြေးတိုင် သို့မဟုတ် နောက်ဆက်တွဲတိုင်းတာခြင်း စာရင်း၊ မြေပုံများမှကောက်နုတ်ချက်များကိုရယူလိုကြောင်း အမှုတွဲထိန်းထံလျှောက်ထားသောအခါ မြေစာရင်းပုံစံ(၁၀၃) မှတ်ပုံတင်စာရင်းအမှတ်(ဂ) လျှောက်လွှာပုံစံဖြင့်ရေးပြီး ရုံးခွန်တံဆိပ်ခေါင်း ၂၅ ပြားတန် ကပ်လျက်လျှောက်ထားရမည်။ အခွန်မြေတိုင်းစာရင်းခွန်ကို နှုတ်ဖြင့်လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားသည့်အခါ မြေတိုင်းစာရင်းသည် သက်ဆိုင်ရာပုံစံတွင်ရေးသွင်းရမည်။ ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်မလို။ ထို့အပြင် ပုံစံတွင်ရေးသွင်းရခြင်းအတွက် အခကြေးငွေများမပေး ဆောင်ရ။ ထိုသို့မလျှောက်ထားမီ မည်သူ့လက်ဝယ်တွင် လိုအပ်သောစာရင်းမြေပုံများရှိသည်ကို သိသာအောင် ပထမစုံစမ်းရမည်ဟုလည်းကောင်း၊ အဆိုပါအခန်းပုဒ်မ ၃၉၄ တွင် မြေပုံများရေးကူး ရာတွင်မြေစာရင်းပုံစံ(၁၀၅) ဖြင့် ရေးကူးပေးရမည်။ သို့မဟုတ် အဆိုပါပုံစံမှာ မြေပုံရေးကူးရန်နေရာ မလုံလောက်ပါက ဖယောင်းအဝတ်စက္ကူဖြင့် ရေးဆွဲပေးနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် ရက်စွဲပါစာအမှတ်၊ ၁၂/လယ၅၁(၀၀၄/၂၀၁၃)ဖြင့် ညွှန်ကြားချက်သည် တည်ဆဲဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ၊ ညီညွတ်မှုရှိပါက မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လက်ရှိဆောင်ရွက်လျက်ရှိသော လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းလုပ်ငန်းများအတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ဆောင်ရွက်ရာတွင် လုပ်ငန်းအလိုက် ထောက်ခံချက်အဆင့်ဆင့်နှင့် အခြားဆောင်ရွက်မှုအဆင့်ဆင့်တို့ကို သိရှိလိုပါကြောင်းနှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းသည့်အချိန်မှ ယခုအချိန်ထိ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းကိစ္စ ဘယ်နှစ်မှုတွင် ခွင့်ပြုပြီး ဘယ်နှစ်မှုရှိခဲ့သည်ကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်သုံးဦး၏ မေးမြန်းချက်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပထမဦးစွာ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်ဟာ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး သုံးသိန်းကျော်၊ နွေစပါး ကိုးသောင်းကျော်နဲ့ မြန်မာနိုင်ငံမှာ မိုးစပါးအများဆုံးစိုက်ပျိုးတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဘိုကလေးမြို့နယ်မှာ မိုးစပါးကို ရေချိုမှာ စိုက်ဧကတစ်သိန်း၊ ရေချို/ရေငန်စပ်မှာ တစ်သိန်းနှင့် ရေငန်ဝင်ဧရိယာမှာ တစ်သိန်းလောက်စိုက်ပျိုးပြီးတော့ မိုးစပါးအပြီး မှာ နွေစပါးသီးထပ်ကို တစ်သိန်းလောက်စိုက်ပျိုးပြီး၊ ဆောင်းသီးထပ်အဖြစ်နဲ့တော့ ဆီထွက်သီးနှံ ၇၀ ဧကနှင့် ပဲမျိုးစုံသီးနှံ ရှစ်ဧကကို မနှစ်က စမ်းသပ်စိုက်ပျိုးဆောက်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပင်လယ်ရေငန်ဝင်ဒေသ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဆားငန်ဒဏ်ခံ စပါးမျိုးများ ဖြန့်ဖြူးပေးခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တောင်သူများလိုက်နာကျင့်သုံးရေးအတွက် စံပြကွက်များစိုက်ပျိုးပြသခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ၊ နည်းပညာပေးသင်တန်းများနှင့် ကွင်းပြပွဲများကို ပြုလုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဘိုကလေးမြို့နယ်မှာ၂၀၁၃-၂၀၁၄ ခုနှစ်၊ မနှစ်က မိုးစပါးရာသီမှာ ဝန်ထမ်းနှင့်တောင်သူပညာပေး သင်တန်းပေါင်း ၁၀၈ ကြိမ်၊ တောင်သူပညာပေးဆွေးနွေးပွဲပေါင်း ၁၈၀ ကို ကျေးရွာအုပ်စု ၇၀ မှာဆောင်ရွက်ခဲ့ပြီး နွေစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာတော့ နည်းပညာပေးသင်တန်း ၁၆၀ နှင့် တောင်သူပညာပေးဆွေးနွေးပွဲပေါင်း ၁၆၂ ကြိမ်ကို ဆောင်ရွက်ခဲ့ပါတယ်။ စပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ တောင်သူများလိုက်နာကျင့်သုံးစေရေးအတွက် မိုးရာသီမှာဆင်းသွယ်လတ်နှင့် ပေါ်ဆန်းရင် စပါးမျိုးများနဲ့ ကျေးရွာအုပ်စုကိုးအုပ်စုမှာ စိုက်ပျိုးပြသပြီး ရိတ်သိမ်းချိန်မှာ ကွင်းပြပွဲ

အဖြစ် ဆောင်ရွက်ပြသခဲ့ပါတယ်။ နွေစပါးရာသီမှာလည်းပဲ ကျေးရွာအုပ်စု လေးအုပ်စုမှာ ကွင်းပြပွဲ ဆောင်ရွက်ပြသခဲ့ပါတယ်။ ပညာပေးစံပြစိုက်ခင်းအဖြစ်နဲ့ မိုးစပါးရာသီမှာ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက၊ ပေါ်ဆန်းရင်စပါးမျိုး ၅၀ ကနေ ၁၀၀ စံပြကွက်များ ဆောင်ရွက်ပြသခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ နွေစပါးရာသီမှာ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကစံပြကွက်များနှင့် ဘယ်လ်ဂျီယမ် စပ်မျိုးစပါး ဧက ၅၀ ကနေ ဧက ၁၀၀ ကိုစံပြကွက်အဖြစ်နဲ့ စိုက်ပျိုးပြသခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဝန်ထမ်းနှင့် တောင်သူပညာပေးသင်တန်းပေါင်း အကြိမ် ၁၅၀ နှင့် ပညာပေးဆွေးနွေးပွဲပေါင်း ၂၃၈ ကြိမ် ကျင်းပဖို့ စီမံဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။ တောင်သူပညာပေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအား တိုးချဲ့ခန့်ထားပေးလျက်ရှိပါတယ်။ ဘိုကလေးမြို့နယ်မှာ ခွင့်ပြုဝန်ထမ်းအင်အား ၃၉ ဦးအနက် လက်ရှိဝန်ထမ်း ၁၈ ဦးသာရှိသဖြင့် လစ်လပ်နေတဲ့ ပညာရှင်ဝန်ထမ်းများကို ဖြည့်စွက်ခန့်ထားဖို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါ တယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်မှာ ၁၉၇၆ ခုနှစ်မှာ အောက်မြန်မာပြည် စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း အပိုင်း(၁)မှ ဒေါင့်ကြီးကျွန်းပတ်တာကို တည်ဆောက်ခဲ့ပြီး ၂၄၄၃၇ ဧကကို ဖော်ထုတ်၍ ရေငန်ဝင် ရောက်မှုမှ ကာကွယ်နိုင်ခဲ့ပါတယ်။ ၁၉၈၀-၁၉၈၁ ခုနှစ်မှာ စီမံကိန်းအပိုင်း(၂)ဖြင့် ဒေါင့်ကြီးအရှေ့ ကျွန်းပတ်တာ၊ ဒေါင့်ကြီးအနောက် ကျွန်းပတ်တာ၊ ဒေါင့်ကြီးအထက် ကျွန်းပတ်တာများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများ တည်ဆောက်၍ ဧရိယာ ၄၂၆၀၃ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့ အဆိုပါတည်ဆောက်ပြီးစီးတဲ့ ရေငန်တားတမံ ကျွန်းပတ်တာများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများကို နှစ်စဉ်ထိန်းသိမ်းပြုပြင်လျက်ရှိပါတယ်။ တာတမံအသစ်များ တည်ဆောက်ရန်အတွက်မူ ဖြစ်နိုင်ခြေရှိ/မရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်စူးစမ်းလေ့လာမှု များဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ချေကိုက်မှု ရှိ/မရှိဆန်းစစ်ခြင်း၊ သဘာဝ နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆန်းစစ်ခြင်းလုပ်ငန်းများကို အချိန်ယူဆောင်ရွက်ရမှာဖြစ် တဲ့အတွက် ရေချို/ရေငန်စပ်နှင့် ရေငန်ဒေသများမှာ တာတမံအသစ်များ တည်ဆောက်ရေးအတွက် လတ်တလောအခြေအနေတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာမှာ သက်ဆိုင်ရာဌာနက လယ်ယာမြေအဖြစ် တရားဝင်သတ်မှတ်ထားသည့် မြေ

အမျိုးအစားကိုသာ ငွေထုတ်ချေးရမည့် စည်းကမ်းချက်ပါရှိပါတယ်။ အကယ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မရရှိသေးပါကလည်းပဲ ချေးငွေတင်ပြသည့်တောင်သူသည် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ကြောင်း တစ်နှစ်တစ်ရာသီအတွက် သီးနှံရိတ်သိမ်းချိန်ကာလအထိ ၎င်းရဲ့သီးနှံစိုက်ပျိုးမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံပေးနိုင်မည်ဆိုပါက စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးသာဝင်း၊ ရန်ကင်းမဲဆန္ဒနယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်(၁)မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး(Seed Production)၊ (၂) လေ့ကျင့်ပညာပေးရေး(Training & Education)၊ (၃) သုတေသနနှင့်ဖွံ့ဖြိုးရေး(Research & Development) လုပ်ငန်းများကို တစိုက်မတ်မတ် အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သီးနှံဌာနများအနေနဲ့ စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဝါ၊ ကြံ၊ ဂုန်လျှော်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို သီးနှံအလိုက်၊ ရာသီအချိန်အလိုက် စံပြကွက်များစိုက်ပျိုးပြသခြင်း၊ နည်းပညာသင်တန်းများပြုလုပ်ခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကွင်းပြပွဲများ ပြုလုပ်ခြင်း၊ ကွင်းဆင်းလေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ဖြူးခြင်း၊ မြန်မာ့ရုပ်မြင်သံကြား၊ တောင်သူလယ်သမား ကဏ္ဍရုပ်သံလိုင်း၊ Farmer Channel နှင့် Sky net ရုပ်သံလိုင်းတို့က ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ထုတ်လွှင့်ပေး ခြင်းနည်းလမ်းဖြင့် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အတွင်းရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင်တို့မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံး ၁၅ ရုံးဖွင့်လှစ်ထားပြီး၊ ခရိုင်ရုံး ၇၄ ရုံး၊ မြို့နယ်ရုံး ၄၁၄ ရုံးတို့ကို ဖွင့်လှစ်ကာ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းပေါင်း ၆၇၈၃ ဦးကို ခန့်ထား၍ တောင်သူလယ်သမားများအား မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာရရှိရေးအတွက် သီးနှံစိုက်ပျိုးသည့်မှ ရိတ်သိမ်းချိန်အထိ ကာလအလိုက် သိရှိနားလည်ဆောင်ရွက်ရမယ့်လုပ်ငန်းများကို လက်တွေ့ပြသကွင်းဆင်း ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှာလည်းပဲ မျိုးစေ့၊ သီးနှံကာကွယ်ရေး၊ မြေအသုံးချ

ရေးတာဝန်များကို ပူးတွဲဖွဲ့စည်းထားရှိပြီး တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်များရှိ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများမှ သီးနှံရာသီ အလိုက်၊ အပင်ဖြစ်ထွန်းမှုအဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများကို လက်တွေ့ကွင်းဆင်း စိုက်ပျိုးပြသခြင်းနှင့် အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်ကနေပြီးတော့ ပညာရှင်များနှင့် ဖွဲ့စည်းထားတဲ့ ကွင်းဆင်းပညာပေးအဖွဲ့များ(Mobile Team)များ ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ လှည့်လည်ဟောပြော ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်တဲ့ FAO, JICA, KOICA, ACIR, IFAD, World Bank တို့နှင့်လည်းကောင်း၊ INGO အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပူးပေါင်း၍ တောင်သူ လယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ခေတ်မီစိုက်ပျိုးနည်းပညာများ ပြန့်ပွားရေး အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သီးနှံအလိုက်၊ ရာသီ အလိုက်၊ အပင်သက်တမ်းအလိုက် တောင်သူများ၊ ခေတ်မီစိုက်ပျိုးနည်းပညာများ တိုးတက်ရရှိရေး အတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာအကူအညီရယူလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ် မန္တလေးတိုင်းဒေသကြီးရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးမြန်းမှုနှင့်စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်/ခရိုင်များအလိုက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရဲ့ နှစ်စဉ်ကောက်ယူရရှိထားတဲ့ မြေအသုံး ချမှုစာရင်းများ ကိုအခြေခံ၍ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေဒေသအခြေအနေပေါ် မူတည်လျက် ပထမဦးစားပေးလုပ်ငန်းဆောင်ရွက်ရမည့် မြို့နယ်များနှင့် ဒုတိယဦးစားပေး ဆောင်ရွက်ရမည့် မြို့နယ်များခွဲခြားလျက် စီမံချက်များရေးဆွဲပြီး ၁-၁-၂၀၁၃ ရက်နေ့မှစပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ

စတင်ဆောင်ရွက်ခဲ့ရာမှာ ၁၆-၆-၂၀၁၄ ရက်နေ့အထိ ပထမဦးစားပေးဆောင်ရွက်မှုအတွက် ၉၉.၆၈ ရာခိုင်နှုန်း၊ ဒုတိယဦးစားပေးဆောင်ရွက်မှုအတွက် ၁၈.၆၀ ရာခိုင်နှုန်း စုစုပေါင်း ၉၅.၉၀ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ မြေပြင်ကွင်းဆင်း၍ စနစ်တကျ ကြီးကြပ်စိစစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးပြီး ကြောင်းစာရင်းများဟာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မှန်ကန်မှုရှိမည် ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ခ)မှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟုပါရှိတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိပြီးတဲ့ ပြည်သူလူထုအနေနဲ့ လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဒေသအတွင်းမှာ လျင်မြန်စွာဆောင်ရွက်နိုင်ရေး အတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၁-၂-၂၀၁၃ ရက် ရက်စွဲပါစာအမှတ်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်စွာဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားနိုင်ရေးအတွက်လျှောက်ထားတဲ့ ဦးပိုင်/ လုပ်ကွက်မြေပုံ (မြေစာရင်းပုံစံ-၁၀၅) ရေးကူးခွင့်ကို သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ကြီးကြပ်ခွင့်ပြုချက်ဖြင့် ရေးကူးခွင့်ပြုရန်နှင့် မြေတိုင်းခနှင့် မြေပုံရေးကူးခများ ကောက်ခံပေးသွင်းခြင်းမပြုစေဘဲ အခမဲ့ရေးကူးပေးရန်ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ မြေပုံရေးကူးခွင့်လျှောက်ထားခြင်းမှအပ အခြားသောကိစ္စရပ်များအတွက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် ထိန်းသိမ်းထားရှိတဲ့ မှတ်ပုံတင်စာရင်းနှင့် မြေပုံများမှ မိတ္တူ သို့မဟုတ် ကောက်နုတ်ချက်များ ရေးကူးပေးခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမြေစာရင်းလက်ဆွဲဥပဒေအခန်း(၉)ပါ ပြဋ္ဌာန်းချက်များနဲ့အပြင် အဆိုပါ ပြဋ္ဌာန်းချက်များအပေါ် လုပ်ထုံးလုပ်နည်းတစ်ပြေးညီဖြစ်စေရန်အတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံးချုပ်ရဲ့ ၃-၃-၁၉၉၄ ရက်စွဲပါအမြဲအမိန့်အမှတ်(၁/၉၄)နဲ့ မြေစာရင်းမြေပုံမှတ်တမ်းများ မိတ္တူရေးကူးခြင်း၊ နည်းလမ်းညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းပြီးအချိန်မှစ၍ လယ်ယာမြေကို အကြောင်းမဲ့လျော့နည်းပြုန်းတီးမှုမဖြစ်စေရေး၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှုကို မထိခိုက်စေရေးတို့ကို ရည်ရွယ်လျက် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့ တင်ပြချက်အရ

လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုစိစစ်ခွင့်ပြုထားသည်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ (က) လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်နှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအနေနဲ့ လျှောက်ထားမှု ၂၈၅ မှုအနက် နေပြည်တော်ကောင်စီနယ်မြေတွင် ခြောက်ခု၊ မန္တလေးတိုင်းဒေသကြီး တွင် နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ခု စုစုပေါင်း ၁၀ ခုကိုသာ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ခွင့်ပြုပေးနိုင်တဲ့ လယ်မြေမှတစ်ပါး လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုခဲ့သည့်အခြေအနေမှာ နေပြည်တော်ကောင်စီနယ်မြေ၌ လျှောက်ထားမှု ၁၂၁ ခု အနက် ၄၇ ခု၊ ကချင်ပြည်နယ်လျှောက်ထားမှုတစ်ခုမှာ တစ်ခု၊ ကရင်ပြည်နယ်လျှောက်ထားမှုငါးခုမှာ နှစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးလျှောက်ထားမှု ၂၁၈ ခုအနက် ၁၁၉ ခု၊ တနင်္သာရီတိုင်းဒေသကြီး လျှောက်ထားမှု ၂၆ ခုအနက် ကိုးခု၊ ပဲခူးတိုင်းဒေသကြီးလျှောက်ထားမှု ၂၃ ခုအနက် ၂၁ ခု၊ မကွေး တိုင်းဒေသကြီးလျှောက်ထားမှု ၅၃ ခုအနက် ၃၅ ခု၊ မန္တလေးတိုင်းဒေသကြီးလျှောက်ထားမှု ၁၄၃ ခုအနက် ၁၁၇ ခု၊ မွန်ပြည်နယ် လျှောက်ထားမှု ၇၁ ခုအနက် ၇၀ ခု၊ ရခိုင်ပြည်နယ်လျှောက်ထားမှု ၈၃ ခု အနက် ၆၈ ခု၊ ရန်ကုန်တိုင်းဒေသကြီး လျှောက်ထားမှု ၃၀ အနက် ၂၄ ခု၊ ရှမ်းပြည်နယ် လျှောက်ထားမှု ၇၇ ခုအတွက် ၃၃ ခုနှင့် ဧရာဝတီတိုင်းဒေသကြီး လျှောက်ထားမှု ၇၇ ခုအနက် ၆၂ ခု စုစုပေါင်း ၆၀၈ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်အရ ခွင့်ပြုပေး ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇) ထုတ်ပေးပြီးစာရင်းအား တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များရဲ့ မြေပြင်ကွင်းဆင်းစိစစ် ကြပ်မတ်ဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်လို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မှန်ကန်မည်ဖြစ်ပါကြောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၁-၂-၂၀၁၃ ရက်စွဲပါစာဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းလုပ်ငန်းများ အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ကိစ္စညွှန်ကြားချက်သည် အတည်ပြုပြဋ္ဌာန်းထားရှိသည့် လယ်ယာမြေဥပဒေနှင့်ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မြောင်မြို့နယ်ရှိ တွင်းကြီးမြစ်ရေတင်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသခံတောင်သူလယ်သမားများ အကျိုးကို ထောက်ထားငဲ့ညှာစဉ်းစားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းငွေ၊ မြောင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်မှပုဂ္ဂိုလ်များ၊ လေ့လာသူဧည့်သည်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဖြစ်ပါတယ်။ လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးမြောင်မြို့နယ်ဟာ တိုင်းအတွင်းမှာဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့ပေါ် လေးရပ်ကွက်နှင့် ရေဝင်ဒေသကျွန်းပိုင် ၄၈ ရွာရှိပြီး၊ ကျန်၃၇ ရွာက ကုန်းပိုင်းဒေသဖြစ်ပြီး အဲ့ဒီကုန်းပိုင်းဒေသတွေဟာ တစ်နှစ်ကို လက်မ ၂၀ အောက်ရွာတဲ့ မိုးရေကိုမှီခိုအားထားပြီး စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြရတာဖြစ်ပါတယ်။ မြစ်နှစ်သွယ်ကြားမှာရှိတဲ့အတွက်လည်း ချင်းတွင်းမြစ်ရေပေါ်မှီခိုတည်ဆောက်ထားတဲ့ တွင်းကြီးမြစ်ရေတင်လုပ်ငန်းကို တောင်သူတွေအနေနဲ့ အားကိုးအားထားပြုနေရတဲ့အခါမှာ ဒီမြစ်ရေတင်လုပ်ငန်းဟာ ဒီနေ့အထိ သိသိသာသာထူးခြားတိုးတက်မှု ထင်သာမြင်သာရှိမှု မသိရတဲ့အတွက် ကျွန်တော့်အနေနဲ့လည်းလွှတ်တော်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြိမ်ကြိမ်တင်ပြခဲ့ပါတယ်။ ယခုလည်း ပင်မမြောင်းတွေကို လိုင်နင်စီမယ်ဆိုတဲ့ကိစ္စ ကျွမ်းကျင်ပညာရှင်များနဲ့ surveyလုပ်ပြီး တွက်ချက်နေပါတယ်ဆိုတဲ့ကိစ္စ၊ လက်တံမြောင်း တွေပြုပြင်ပေးမယ်ဆိုတဲ့အဖြေတွေ လက်ရှိမြေသားမြောင်းဘောင်တွေဟာ ကျွန်တော်တို့ဒေသအခေါ် ဖွတ်ချီးမြေပေါ့ ဖြစ်လို့ရေနဲ့တွေ့ရင်ပျော့်မှာစိုးလို့ seiected soil ကို အစားထိုးပေးမယ်ဆိုတဲ့ ကိစ္စတွေဟာ (၁၃/၁၄) ကနေ ဒီနေ့အထိ ဘာမှထူးခြားတိုးတက်လာတာ မတွေ့ရပါဘူး။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့နှစ်က တောင်သူတွေရဲ့ယာခင်းတွေကို မိုးရေနစ်မြုပ်လို့ တိုင်းဒေသကြီးအစိုးရက ရေနုတ်မြောင်းကျဉ်းပြီး မြောင်းဘောင်တွေကြောင့်ဖြစ်တယ်ဆိုပြီးတော့ ရေနုတ်မြောင်းကို တိုးချဲ့ခိုင်းတယ်လို့သိရပါတယ်။ ဒီကိစ္စကိုလည်း ဆောင်ရွက်ပြီး/မပြီး မသိရပါ။ ကျွန်တော်တို့ ဒေသခံတောင်သူတွေအနေနဲ့ ထူးခြားမှုတိုးတက်မှုမရှိဘဲ ဘယ်လောက်တင်ပြနေနေ ဒုံရင်းဒုံရင်းပဲလို့ ပြောနေကြတာရှိပါတယ်။ အဲ့ဒါကြောင့် ဒီလောက် နိုင်ငံတော်က

ရင်းနှီးမြှုပ်နှံထားတဲ့ စီမံကိန်းလုပ်ငန်းကြီးအတွက် ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်ကို မြို့နယ်အဆင့်၊ အောက်ခြေအဆင့်တွေက လေးစားလိုက်နာမှု ရှိမှရှိသေးရဲ့လားဆိုပြီးတော့ ဒေသခံတောင်သူတွေက ခံစားနေကြရပါတယ်။ အဲ့ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တွင်းကြီးမြစ်ရေ တင်စီမံကိန်းအတွက် မည်ရွေ့မည်မျှစိုက်ထုတ်ကုန်ကျသုံးစွဲပြီး မည်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို သိရှိလိုပါတယ်။ (ခ) အဆိုပါ မြစ်ရေတင်လုပ်ငန်း မြောင်းရင်းမှာရှိတဲ့ ပရိတ်မ-မကျည်းပုတ်ကတ္တရာလမ်းကို ဖြတ်သွားတဲ့နေရာမှာရှိတဲ့ တံတားဟာ ကျဉ်းမြောင်းနေတဲ့အတွက် လေတင်စက်သုံးလုံးထိ မောင်းပြီးတင်ရင်တောင်မှ ရေများလျှံထွက် ကုန်တဲ့အတွက် တပ်ဆင်ထားတဲ့ရေစက်ခြောက်လုံးလုံး မမောင်းနိုင်ဘူးဆိုတာ ဟုတ်ပါသလား။ ဒါကိုဘယ်အချိန်မှာ ပြုပြင်ဖို့အစီအစဉ်ရှိပါသလဲ။ (ဂ) အဆိုပါစီမံကိန်းမှာ စတင်တည်ဆောက်စဉ်ကတည်းက တာဝန်ယူထားရတဲ့ ပုဂ္ဂိုလ်အချို့ဟာ နှစ်ကာလကြာရှည်စွာ ထမ်းဆောင်နေရတဲ့အတွက် တချို့ဟာ ပုဂ္ဂိုလ်ရေး၊ လူမှုရေးအခက်အခဲရှိတယ်လို့သိရပါတယ်။ အဲ့ဒါလည်း စိစစ်ပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲပေးရန်အတွက် တောင်သူလယ်သမားအကျိုးကို ငဲ့ညှာထောက်ထားစဉ်းစားပြီး တိုးတက်အောင်ဆောင်ရွက်ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**တည်ဆဲဥပဒေများနှင့်အညီ တစ်လုံးတစ်စည်းတည်းရှိသည့် တစ်ခုတည်းသော တောင်သူလယ်သမားအဖွဲ့အစည်း သို့မဟုတ် အစည်းအရုံး ဖွဲ့စည်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပုဂ္ဂိုလ်များအားလုံးကို နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့တာ သုံးနှစ်ကျော်လွန်တဲ့ကာလကိုရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါ့အပြင် လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတို့ကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

သို့သော်လည်း ယခုထက်တိုင် တည်ဆဲဥပဒေများနှင့်အညီ တရားဝင်တောင်သူလယ်သမားများအဖွဲ့ အစည်း ဖွဲ့စည်းနိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံရေးပါတီတချို့ ၊NGO တချို့နဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ချို့ကသာ တောင်သူလယ်သမားများအဖွဲ့အစည်းများကို ပုံစံအမျိုးမျိုး ဖြင့် ဖွဲ့စည်းပြီး၊ တောင်သူလယ်သမားများ အရေးဆောင်ရွက် ဖြေရှင်းပေးနေကြကြောင်း ကြားသိနေ ရပါတယ်။ အဲ့ဒီအဖွဲ့အစည်းများအနေနဲ့ ဖွဲ့စည်းမှုပုံစံများ မတူညီကြတဲ့အတွက် လုပ်ထုံးလုပ်နည်း လုပ်ဟန်များမှာလည်း ကွဲပြားခြားနားမှုများ ရှိနေကြပါတယ်။ ဒါကြောင့် ရေရှည်မှာ တောင်သူ လယ်သမားများနဲ့ ယင်းတို့နဲ့ဆက်သွယ်ပတ်သက်နေတဲ့ ကျေးလက်ပြည်သူများမှာပါ စည်းလုံးညီညွတ် မှုပျက်ပြားသွားမှာကို စိုးရိမ်နေရပါတယ်။ လွတ်လပ်ရေးရစ ဖဆပလ အစိုးရလက်ထပ်က တောင်သူလယ်သမားများ၊ အဖွဲ့အစည်းများ အမျိုးမျိုးကွဲပြားနေခြင်းကြောင့် ကျေးလက်နေ ပြည်သူများအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးတို့ကိုပင် ထိပါးလာမှုများ ရှိနေခဲ့တာကို သင်ခန်းစာယူသင့်ပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၈ တွင်လည်းကောင်း၊ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ် ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ င တွင်လည်းကောင်းတည်ဆဲဥပဒေများ နှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းပေးရေးနဲ့ ပတ်သက်ပြီး ဖွဲ့စည်းနိုင်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သို့သော်လည်း ယနေ့တိုင် တည်ဆဲဥပဒေများနှင့်အညီ စည်းလုံးညီညွတ်သည့် တောင်သူလယ်သမားအဖွဲ့အစည်းဖွဲ့စည်းနိုင်ခြင်း မရှိသေးတာကြောင့် ကျေးလက်နေတောင်သူလယ်သမားများမှာ အားကိုးရာမဲ့နေသည့်အတွက် ပုဂ္ဂိုလ် ရေးအရ အားကိုးရမယ့်သူ အားကိုးရမယ့်အဖွဲ့အစည်းကို ရှာကြံဆောင်ရွက်နေကြရပါတယ်။ ဒါ့အပြင် နည်းအမျိုးမျိုးနဲ့ လွဲမှားစွာဖြေရှင်းနေကြရခြင်းများကြောင့် မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ် လာကာ စိတ်ဝမ်းကွဲမှုများလည်း ဖြစ်ပေါ်လာမှာ ကိုစိုးရိမ်ရပါတယ်။ သို့ပါ၍ တည်ဆဲဥပဒေများနှင့် အညီ တစ်လုံးတစ်စည်းထဲရှိသည့် တောင်သူလယ်သမားအဖွဲ့အစည်း သို့မဟုတ် အစည်းအရုံးဖွဲ့စည်း ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမားများစိုက်ပျိုးထားရှိသည့် တောင်ယာသီးနှံများဈေးကျသဖြင့် အရှုံးပေါ်ရသည့် ကိစ္စ များအား ဖြေရှင်းပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကို ပထမဦးစွာဖတ်ကြားပြပြီးတော့မှ ကျွန်တော်အနည်းငယ်ရှင်းပြပါမယ်။ ကျွန်တော်ရဲ့မေးခွန်းကတော့ တောင်သူလယ်သမားများသည် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဈေးကောင်းရသည့်တောင်ယာသီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြရာ သီးနှံများဈေးကျသဖြင့် အရှုံးပေါ်ဒုက္ခရောက်ကျရသည့်ကိစ္စများ နိုင်ငံနှင့်အဝှမ်းတွေ့မြင်ကြားသိနေရပါသည်။ တောင်သူလယ်သမားများအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိမိနယ်မြေဒေသတွင် အဖြစ်ထွန်းနိုင်ဆုံးသော သီးနှံကိုစိုက်ပျိုးစေခြင်း၊ ထွက်ရှိလာသော သီးနှံများကို ကုန်ချောထုတ်လုပ်ရန်အတွက် စက်ရုံတည်ဆောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မက်လုံးပေးစည်းရုံးဆောင်ရွက်စေခြင်း၊ ကုန်ကြမ်း၊ ကုန်ချောများအား ဈေးကွက်ရရှိရေးအတွက် ကူညီလုပ်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါသည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အနည်းငယ် တင်ပြ ဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ရဲ့ လယ်သမားတွေဟာ မလုပ်တာမဟုတ်ပါဘူး။ လုပ်ပါတယ်။ သူတို့က ဒီလယ်နဲ့ တောင်ယာသီးနှံကိုပဲစိုက်တတ်တာဖြစ်တဲ့အတွက် ဒီအလုပ်ကိုပဲ သူတို့က ဒီမက်မက်မောမော၊ ခုံခုံမင်မင်နဲ့ ဒါကိုလုပ်ကြပါတယ်။ သို့သော်လည်းပဲ သူတို့လုပ်တဲ့ထွက်လာတဲ့ ယခင်တုန်းကဆိုရင် စပါးပေါ့။ စပါးဈေးတွေကလည်းမကောင်း။ နောက်တစ်ခါ တောင်ယာသီးနှံစိုက်လည်း တောင်ယာသီးနှံတွေကလည်းပဲ ဈေးနှိမ်ခံရပြီးတော့ ဈေးတွေကကျ။ အဲ့လိုဖြစ်ပြီးတော့ တော်တော်ကို ဒီသံသရာကြီးက ဖြစ်နေတဲ့ဥစ္စာကို ယခင်တုန်းက ကျွန်တော်တို့ အတွေ့အကြုံကလည်းပဲ စိုက်ဖို့၊ ပျိုးဖို့၊ ထုတ်လုပ်ဖို့ကိုပဲ အစိုးရအဆက်ဆက်ကအားပေးခဲ့ပြီးတော့ Marketing ပေါ့ ဘယ်လိုရောင်းချမလဲ။ အဓိကကတော့ စိုက်ပျိုးတယ်ဆိုတာ စားသုံးဖို့တင်မဟုတ်ဘဲနဲ့ ပိုက်ဆံရဖို့လဲလိုတာဖြစ်တဲ့အတွက် Marketing ပိုင်းကို ကျွန်တော်တို့က လုပ်ပေးဖို့လိုပြီလို့ ထင်ပါ တယ်။ အဲ့တော့ ဒီလိုဟာမျိုးတွေကို ကျွန်တော်တို့ဘယ်လိုများလုပ်ဖို့ အစီအစဉ်ရှိပါသလဲဆိုတဲ့ဥစ္စာကို ကျွန်တော့်အနေနဲ့သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်သုံးဦးရဲ့ မေးမြန်းချက်များကို တပေါင်းတစ်စည်းတည်း သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့က ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အတွင်းမှာ စပါး ၂၅ဝဝ ဧကနှင့် အခြားသီးနှံ ၇၅ဝဝ ဧက စုစုပေါင်းအကျိုးပြုဧက ၁ဝဝဝဝ ကို ရေပေးဝေနိုင်ရေးအတွက် တွင်းကြီး(ပရိမ္မ) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအား ၂ဝဝဝ-၂ဝဝ၁ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ရာမှာ ၂ဝဝ၆ ခုနှစ်၊ ဒီဇင်ဘာလမှာ လုပ်ငန်းများပြီးစီးပြီး ရေပေးဝေရေးဆောင်ရွက်ခဲ့ပါတယ်။

၂ဝ၁၂-၂ဝ၁၃ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)အရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးအဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်သို့ မြေရေတင်လုပ်ငန်းများ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၂ဝ၁၃-၂ဝ၁၄ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်ခွင့်ပြုငွေကျပ် ၂၆.၃၄ သန်းနဲ့ ပင်မမြောင်း ပေတိုင် ၆၂ဝ မှ ပေတိုင် ၇၅ဝ ထိ ပေ ၁၃ဝ ကို မြောင်းပြင်ခြင်း၊ လက်တံ ၆ မြောင်း ၆ဝဝဝ ပေပြုပြင်ခြင်း၊ ရေတံခါး ခုနှစ်ခု တပ်ဆင်ခြင်း၊ ရေထုတ်ပေါက် လေးခု ပြုပြင်ခြင်းနှင့် ရေတင်အဆင့်(၂) ရေစုကန်များပြုပြင်ခြင်းနှင့် ကျေးရွာချင်း ဆက်လမ်းကူးတံတားပြုပြင်ရေးလုပ်ငန်းများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်မှ ဆောင်ရွက်ခဲ့ပြီး ၂ဝ၁၄ ခုနှစ် မိုးသီးနှံ ၁၂ဝဝ ဧကနှင့် နွေသီးနှံ ၈ဝဝ ဧကအား ရေပေးဝေရန် လျာထားဆောင်ရွက်ခဲ့ပါတယ်။

၂ဝ၁၄-၂ဝ၁၅ ခုနှစ်မှာ ရေတင်အဆင့်(၂) ပေတိုင် ၄၅ဝဝ မှ ပေတိုင် ၄၆ဝဝ ထိ မြေအစားထိုးပြုပြင်ခြင်းနှင့် ပေတိုင် ၄၆ဝဝ မှ ပေတိုင် ၆၅ဝဝ ထိ မြောင်းဘောင်များ မြေဖြည့်ပြုပြင်ခြင်း၊ လက်တံလေးမြောင်းနှင့် လက်တံခွဲ ကိုးမြောင်း ပုံစံကျပြုပြင်ခြင်း၊ တူးမြောင်းအဆောက်အဦ ကိုးခုပြုပြင်ခြင်းနှင့် ရေပေးမြောင်း ၉ဝဝ ပေ လိုင်နင်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေကျပ် ၁၆၉.ဝ၂၈ သန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွဲဝေသတ်မှတ်ပေးထားပြီး မိုးသီးနှံပြီးစီးချိန်မှာ လုပ်ငန်းများ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မိုးသီးနှံဧက ၂ဝဝဝ နှင့် နွေသီးနှံဧက

၁၀၀၀ စုစုပေါင်းဧက ၃၀၀၀ တိုးတက် ရေပေးဝေနိုင်မှာဖြစ်ပါတယ်။ ပင်မမြောင်းပေတိုင် ၃၃၀၀ ပေနှင့် ရေပမာဏ ၁၀၀ ကျူစက် ဖြတ်သန်းစီးဆင်းနိုင်သော ပရိမ္ဗ-မကျီးဘုတ် ကားလမ်းဖြတ်မြောင်း တည်ဆောက်ထားရှိပါတယ်။ မြစ်ရေတင်လုပ်ငန်းများမှ ရေပေးဝေစိုက်ပျိုးနိုင်မှုအနေနဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ မိုးသီးနှံ ၇၀၀ ဧက၊ နွေသီးနှံ ၅၀၄ ဧက စုစုပေါင်း ၁၂၀၄ ဧကနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ မိုးသီးနှံ ၈၀၀ ဧက၊ နွေသီးနှံ ၅၀၉ ဧက စုစုပေါင်း ၁၃၀၉ ဧကဖြစ်ရာ ရေလိုအပ်ချက်အရ ၃၀ ကျူဆက် ရေစုပ်ဆက်နှစ်လုံးသာမောင်းနှင်ရန်လိုအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မိုးသီးနှံ ၁၂၀၀ ဧကနှင့် နွေသီးနှံ ၈၀၀ ဧက စုစုပေါင်း ၂၀၀၀ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မိုးသီးနှံ ၂၀၀၀ ဧကနှင့် နွေသီးနှံ ၁၀၀၀ ဧက စုစုပေါင်း ၃၀၀၀ ဧကအထိ တိုးတက်ရေပေးဝေနိုင်ရေးအတွက် လျာထား ဆောင်ရွက်လျက်ရှိရာမှာ ရေလိုအပ်ချက်အရ ၃၀ ကျူဆက်ရေစုပ်စက် သုံးလုံးမောင်းနှင် ရန်လိုအပ် ပါတယ်။ တိုးမြှင့်လျာထားမည့် စိုက်ဧကပေါ်မူတည်ပြီး ကားလမ်းဖြတ်မြောင်းတိုးချဲ့ ပြုပြင်ခြင်း လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးမှ ရန်ပုံငွေထည့်သွင်းတောင်းခံ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပရိမ္ဗမြစ်ရေတင်လုပ်ငန်းဟာ ဦးစီးအရာရှိ တစ်ဦး၊ ဦးစီးမှူးတစ်ဦးနှင့် အခြားအဆင့်ဝန်ထမ်း သုံးဦး စုစုပေါင်း ငါးဦးနှင့် လုပ်ငန်းများကိုတာဝန်ဆောင်ရွက်လျက်ရှိပါတယ်။ ရေပေးစိုက်ဧကများ တိုးတက် ရရှိရေးနှင့်ရေတင်ခများ အပြည့်အဝ ကောက်ခံရရှိရေးတို့အတွက် လုပ်ငန်းတာဝန်ကျေပွန်မှု မရှိပါက သက်ဆိုင်ရာဌာနအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့် ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားများရဲ့ လူမှု အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်သမားဘဝ ဝင်ငွေနှစ်ဆတိုးစေဖို့ ဝိုင်းဝန်းကူညီ ရိုင်းပင်းစို့ဟူတဲ့ ဆောင်ပုဒ်နှင့်အညီ ဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းကြီးဖြစ်တဲ့ Seed Production, Training and Education, Research and Development စသည့်တို့ကို ဆောင်ရွက် လျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ အသင်းအဖွဲ့များ ဖွဲ့စည်းရန်အတွက် ကိုယ်တိုင်ဦးဆောင်၍ ဖွဲ့စည်းခြင်းသော်လည်းကောင်း၊ ကိုယ်တိုင်စိစစ် ခွင့်ပြုပေးခြင်းသော်

လည်းကောင်း ဆောင်ရွက်နိုင်သည့်အဖွဲ့အစည်းမဟုတ်ဘဲ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ယူစိစစ်ခွင့်ပြုတဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှ တောင်သူလယ်သမားများနှင့်သက်ဆိုင်တဲ့ အသင်းအဖွဲ့များဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး သဘောထားမှတ်ချက် မေးလာလျှင် ဖွဲ့စည်းမည့်အသင်းအဖွဲ့အနေဖြင့် ၎င်းတို့၏ အသင်းဖွဲ့စည်းပုံ၊ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်တောင်သူလယ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ/မရှိစိစစ်လျက် ဖွဲ့စည်းမှုအပေါ် သဘောထားမှတ်ချက်ပြု ပြန်ကြားပေးရတာပဲဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မြေယာစီမံခန့်ခွဲရေးလုပ်ငန်းများကို ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဆင့်ဆင့်တို့နှင့် ချိတ်ဆက်ပြီး တောင်သူလယ်သမားများ၏ အခက်အခဲများကို ဥပဒေနှင့်ညီညွတ်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ တစ်စုတစ်စည်းတည်းရှိသော တစ်ခုတည်းသော တောင်သူလယ်သမားအဖွဲ့အစည်းကြီး ဖွဲ့စည်းရန်ကိစ္စမှာ လယ်ယာကဏ္ဍနှင့် ဆက်နွယ်ပတ်သက်သည့် အလွှာအသီးသီးမှ ပါဝင်ရန် လိုအပ်မည်ဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေနဲ့ သက်ဆိုင်ရာ ဒေသအလိုက် ထူးခြားတဲ့ဝိသေသအခြေခံ အကြောင်းအရာများအပေါ် မူတည်ပြီး ရပ်ကျေးအဆင့်မှစတင်ကာ အဆင့်ဆင့်ဖွဲ့စည်းပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့်သို့ ဖွဲ့စည်းရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်နှင့်တာဝန်များအရသော်လည်းကောင်း၊ တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရသော်လည်းကောင်း ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့် တစ်လုံးတစ်စည်းတည်းရှိသော တစ်ခုတည်းသော တောင်သူလယ်သမားအဖွဲ့အစည်းတစ်ရပ်ကို ဦးဆောင်ဖွဲ့စည်းပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားဖို့အတွက် အခြေခံသော့ချက်ကြီး ၆ချက် ချမှတ်ပြီးတော့ တောင်သူ

လယ်သမားများ စိုက်ပျိုးထွက်ရှိလာတဲ့ သီးနှံများအပေါ်မှာ စီးပွားရေးတွက်ခြေကိုက်မှု ခိုင်မာသော ဈေးကွက် (Sustainable Market) ရရှိအောင် ချိတ်ဆက်ပေးလျက်ရှိပါတယ်။ သီးနှံ အမယ်အလိုက် ဈေးကွက်ရရှိနိုင်ရေးအတွက် ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်တဲ့ ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်မယ့် ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီသော သက်တမ်းတို မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် အရေးကြီးပါတယ်။

သက်တမ်းတိုမျိုးများ အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် အချိန်တိုအတွင်း ဝင်ငွေပြန်လည်ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေလိုအပ်သည့်ကာလ တိုတောင်းခြင်း၊ တစ်နှစ်အတွင်း သုံးသီးစိုက်ပျိုးနိုင်သဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိခြင်း၊ အပင်ဖြစ်ထွန်းချိန် ကာလတိုသဖြင့် ပြုစုဂရုစိုက်ရမှု နည်းပါးခြင်း၊ သဘာဝဘေးနှင့် ပိုးမွှားအန္တရာယ်တို့မှ ထိခိုက်နည်းပါးခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှလည်းပဲ ဝင်ငွေတွက်ချေကိုက်ပြီး နိုင်ငံခြားဈေးကွက်ဝင်တဲ့ သက်တမ်းတိုသီးနှံမျိုးစေ့များအား တီထွင်အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် သုတေသနပြု စမ်းသပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီးပွားရေးတွက်ချေကိုက်တဲ့ ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် နိုင်ငံတကာဈေးကွက်မှာ မိမိတို့၏လယ်ယာထွက်ကုန်များ ဈေးကောင်းရရှိနိုင်မှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တစ်ဧကအထွက်နှုန်း တင်း ၂၀၀ ကျော်ထွက်ရှိတဲ့ စပါးမျိုးစေ့များ၊ တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိတဲ့ မြေပဲမျိုးများ၊ စပ်မျိုးပြောင်းမျိုးစေ့များ၊ တင်း ၅၀ ကျော်ထွက်ရှိတဲ့ စပ်မျိုးနေကြာ၊ ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးတို့ကို ပွားများပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိလာတဲ့ သီးနှံများ ဈေးကောင်းရရှိရေးနှင့် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေးတို့အတွက် ဂျပန်၊ ကိုရီးယားနှင့်ထိုင်းနိုင်ငံတို့က ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီများနှင့် ပူးပေါင်းပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို တန်ဖိုးမြှင့် ထုတ်ကုန် ကုန်ချောများ ထုတ်လုပ်ပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်လျက်ရှိတဲ့အပြင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးကိုလည်း အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့ လယ်ယာထွက်ကုန်သီးနှံများအား ကိုရီးယား၊ ဂျပန်၊ ထိုင်းအစရှိတဲ့ နိုင်ငံတို့မှ ကညွတ်၊ ကန်စွန်းဥ၊ ပိန်းဥတို့ကို မျိုးသန့်ပွားများ ထုတ်လုပ်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ

တယ်။ ထိုဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဒေသနှင့်ကိုက်ညီတဲ့ သီးနှံတစ်မျိုးမျိုး ရွေးချယ်ပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village, One Product) စိုက်ပျိုးဆောင်ရွက်ကြရန်လည်း စည်းရုံးဆောင်ရွက်လျက်ရှိနေပါတယ်။ လယ်ယာထွက်ကုန်သီးနှံများမှာ တစ်ရာသီပြီး တစ်ရာသီ ဆက်တိုက်စိုက်ပျိုး ထွက်ရှိနေတဲ့အတွက် ဈေးကွက်ခိုင်မာမှုရှိရန် အလွန်အရေးကြီးလိုအပ်နေသကဲ့သို့ ရေရှည် ထိန်းသိမ်းထားသိုနိုင်မယ့် ခေတ်မီအအေးခန်းစနစ် ဂိုဒေါင်များ၊ ခေတ်မီထုတ်ပိုးတဲ့စနစ်များ၊ ကုန်ကြမ်းအတိုင်းမရောင်းဘဲ တန်ဖိုးမြှင့် အဆင့်မြင့် အခြောက်ခံခြင်း၊ အအေးခဲစနစ်ထုတ်လုပ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းတို့ကို ကမ္ဘာ့ဈေးကွက်နှင့်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိပါတယ်။ နှစ်ကာလအတန်ကြာအောင် စီးပွားရေးအရပိတ်ဆို့ ခံထားခြင်းခံရတဲ့တွက် အဖက်ဖက်မှ ခေတ်နောက်ကျကျန်နေခဲ့ရခြင်း၊ ဈေးကွက်ပျောက်နေခဲ့ရခြင်း အကျိုးဆက်များအပေါ်မှာ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးနှင့် လယ်ယာထွက်ကုန်များ ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်မယ့် အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများအပေါ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူလယ်သမားများအတွက် အထူးအလေးအနက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကို ကြယ်ပွင့်ပြမေးခွန်းပေါင်း ၃၈၄ ခု ရောက်ရှိခဲ့ပါတယ်။ ယနေ့အထိမေးမြန်းပြီး မေးခွန်းပေါင်း ၁၆၄ ခုရှိပါတယ်။ ဖြေဆိုဖို့ အသင့်ဖြစ်နေတဲ့ မေးခွန်း ၅၃ ခုရှိပါတယ်။ အသင့်မဖြစ်သေးဘူး။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နဲ့ သက်ဆိုင်ရာဌာနများကို ပေးပို့ထားတဲ့မေးခွန်း ၁၆၇ ခုရှိပါတယ်။ အသင့်ဖြစ်တဲ့မေးခွန်းများကို ကျန်တဲ့ လွှတ်တော်ရက်အတွင်းမှာ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြောမယ်ဆိုလို့ရှိရင်တော့ မေးထားတဲ့မေးခွန်းရဲ့ တစ်ဝက်မပြည့်တပြည့်ပဲ ကျွန်တော်တို့ မေးမြန်းဖြေဆိုနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးမဆုံးရှုံးရအောင် အချိန်သတ်မှတ်ပြီးတော့ မေးဖို့၊ ဖြေဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးတဲ့အခါမှာလည်း ကိုယ့်ရဲ့မေးခွန်းဟာ ဒီအချိန်အတိုင်းအတာအတွင်းနဲ့ မေးနိုင်တဲ့မေးခွန်း ထိုနည်းတူစွာပဲ ဖြေမယ့်ပုဂ္ဂိုလ်များကိုလည်း ဒီလိုအခွင့်အရေးပေးပြီးတော့ မေးမြန်းဖို့လိုပါတယ်။ မေးခွန်းမေးတဲ့နေရာမှာ ခုနက ကတိကဝတ်ဖြစ်တဲ့ မေးခွန်းမျိုးဖြစ်အောင် ကြိုးစားမေးဖို့လည်း ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ ဒီနေ့မေးတဲ့နေရာမှာ လယ်ယာမြေနှင့် အခြားမြေများကိစ္စများ ပါပါတယ်။ ဒီကိစ္စကို မနေ့က ပြည်ထောင်စုလွှတ်တော်

အတွင်းမှာ ဆွေးနွေးတဲ့အခါမှာလည်း လယ်ယာမြေကော်မရှင်မှာ အဖွဲ့ခွဲ ၁၁ ခုရှိပါတယ်။ ၁၁ ခု ကလည်း မနေ့က လွှတ်တော်အစည်းအဝေးမှာ တင်ပြစရာတွေရှိသော်လည်း အချိန်ကြောင့် တချို့ပဲ တင်ပြနိုင်တာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တာက လယ်ယာမြေနှင့် ပတ်သက်လို့ မေးမြန်းချင်တယ်။ အကြံပြုချင်တယ်ဆိုလို့ရှိရင်တော့ သက်ဆိုင်ရာလွှတ်တော်က ဖွဲ့စည်း ထားတဲ့ ကော်မရှင်အဖွဲ့ခွဲများအနေနဲ့ စုစည်းပြီးတဲ့အခါမှာ ကော်မရှင်ကိုတင်ပေးဖို့ဖြစ်ပါတယ်။ အဲဒီ ကော်မရှင်ကလည်း ပြည်ထောင်စုလွှတ်တော်ကို တင်ပေးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်အနေနဲ့ ပြည်ထောင်စုအစိုးရဆီကို သီးခြားကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီကိစ္စတွေဟာ လွယ်လွယ်နဲဖြေရှင်းပေးလို့မရတဲ့ကိစ္စဖြစ်သလို တချို့လည်း လွယ်လွယ်နဲ့ဖြေရှင်းပေးရတဲ့ ကိစ္စမျိုး ဖြစ်ရဲ့သားနဲ့ ကျန်တဲ့အပိုင်းတွေက လုပ်ဆောင်မှုအားနည်းလို့၊ ကြီးကြပ်မှုအားနည်းလို့ ရှိတာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒေါ်ခင်သန်းမြင့်တင်ပြတဲ့ကိစ္စကလည်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ ကတစ်ဆင့် ကော်မရှင် ပြည်ထောင်စုလွှတ်တော်ကို တင်ပြဖို့ဖြစ်ပါတယ်။ အလားတူပဲ ဌာနခွဲအသီးသီး မှာရှိတဲ့ ကော်မရှင်အဖွဲ့ခွဲများအနေနဲ့လည်း အခုလိုပဲ ဆက်လက်ဆောင်ရွက်ပေးခြင်းအားဖြင့် လုပ်ငန်း တွေလုပ်တဲ့အခါမှာ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အသိပေးတင်ပြချင်ပါတယ်။ အဲဒီနည်းတူပဲ ဦးမောင်တိုးမေးတဲ့မေးခွန်းသည် ဒီနေ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ကိစ္စမဟုတ်ဘဲနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းများဖြေတဲ့အခါမှာလည်း သက်ဆိုင်တဲ့ ဝန်ကြီးဌာနများကပဲ သက်ဆိုင်တဲ့မေးခွန်းကိုဖြေတာပိုကောင်းပါတယ်။ ကျွန်တော်တို့လွှတ်တော် ကတော့ မေးလာတဲ့မေးခွန်းတွေကို အစိုးရအဖွဲ့ကို ပို့ပါတယ်။ အစိုးရအဖွဲ့ကနေပြီးတော့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနပို့တယ်ဆိုသော်လည်းပဲ အခုလို ကိစ္စမျိုးက မကြာမကြာဖြစ်နေတဲ့အတွက် ဒါလည်း ကျွန်တော်တို့ သက်ဆိုင်ရာကိုပြန်ပြီးတော့ အကြောင်းကြားသွားမှာဖြစ်ပါတယ်။ ကျန်ရှိအစီအစဉ် များကို တစ်ဆက်တည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က နိုင်ငံအတွင်း ဧရာဝတီ၊ ချင်းတွင်းအပါအဝင် မြစ်ကြီးများတိမ်ကောကျဉ်းမြောင်းလာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်လာမှုကို ကာလတိုအတွင်း ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ အနေနဲ့ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က အဆိုတစ်ခု တင်သွင်းထားပါတယ်။ ဦးတင်မောင်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးတက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်အနေနဲ့ ဒီမိုကရေစီပေါ်ထွန်းလာသောကာလမှာ ပြည်သူများ လွတ်လပ်စွာတွေးခေါ် ပြောဆိုဝေဖန်သုံးသပ်ခွင့်ရလာတဲ့အတွက်ကြောင့် ပြည်သူတွေဟာ ယနေ့ ရှေ့တန်းတင်ပြီး ပြောဆို နေတဲ့ အချက်တစ်ချက်အနေနဲ့ အခုတင်ပြမယ့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြစ်များတိမ်ကော ကျဉ်း မြောင်းနေတဲ့ကိစ္စဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတွင်း ဧရာဝတီ၊ ချင်းတွင်း အပါအဝင် မြစ်ကြီးများ တိမ်ကောကျဉ်းမြောင်းလာတဲ့ သဘာဘာဝပတ်ဝန်းကျင် ထိခိုက်လာမှုကို ကာလ တိုအတွင်းမှာ ပြုပြင်ထိန်းသိမ်းပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သယံဇာတပစ္စည်းတစ်ခုဖြစ်တဲ့ ရေဟာ လူ၊ သတ္တဝါနဲ့ သစ်ပင်ပန်းမန်တို့ အသက်ရှင်ဖို့အတွက်လည်းကောင်း၊ သောက်ဖို့၊ ဆေးကြောဖို့၊ ချက်ပြုတ်ဖို့၊ စိုက်ပျိုးရေးအတွက် ဖြစ်စေ၊ စက်မှုလုပ်ငန်းအတွက်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက်ဖြစ်စေ၊ ပို့ဆောင်ရေး အတွက်ဖြစ်စေ များစွာအသုံးဝင်ပါတယ်။ ဒီလိုအသုံးဝင်တဲ့၊ လူအများအသုံးပြုလျက်ရှိတဲ့ရေဟာ လူတွေရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် မူတည်ပြီးတော့ အရည်အသွေးနဲ့ အရေအတွက်တွေကို ဖြစ်ပေါ်စေပါတယ်။ လူတွေရဲ့စေစားမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဖြစ်တဲ့အခါမှာ ကမ္ဘာရဲ့အဆိုးရွားဆုံး ပြဿနာ ၁၀ မျိုးကတော့ ကျွန်တော်တင်ပြထားတဲ့အတိုင်းဖြစ်ပါ တယ်။ ဒီလိုသဘာဝပတ်ဝန်းကျင် ထိခိုက်လာတဲ့အတွက်ကြောင့် ပင်လယ်ရေအပူချိန်တိုးလာမယ်။

ရေခဲတောင်/ရေခဲမြစ်တွေပျော်လာမယ်။ ပင်လယ်ရေတွေမြင့်တက်လာမယ်။ ကမ္ဘာ့ရာသီဥတုတွေ ပြောင်းလဲလာမယ်။ ဒီလိုပြောင်းလဲတဲ့ အတွက်ကြောင့် ၁၉၇၅ ခုနှစ်မှာ ထိုင်ဝမ်ကျွန်းမှာ တစ်နာရီ ကီလိုမီတာ ၂၅၀ နဲ့ တိုက်ခိုက်တဲ့ နီနာ မုန်တိုင်းကြောင့် လူဦးရေ တစ်သိန်းကျော်သေပြီးတော့ ရေကာ တာ ၆၂ ခု ပြိုကျပါတယ်။ အမေရိကန် ဒေါ်လာသန်း ၁၂၀၀ လောက်ဆုံးရှုံးခဲ့ဖူးပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ တစ်နာရီကီလိုမီတာ ၂၁၀ နှင့် တိုက်ခတ်တဲ့ နာဂစ်ကြောင့် လူပေါင်း ၇၈၀၀၀ ကျော် သေဆုံးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီး သီးမှာ ယနေ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် EITI,EIA, SIA,HIA ဆောက်လုပ်ပြီးတော့ ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံအတွင်းမှာ စီးဆင်းနေတဲ့ မြစ်တွေဟာ တဖြည်းဖြည်းနဲ့ ကျဉ်းမြောင်းလာပါတယ်။ တစ်နှစ်ထက်တစ်နှစ် အခြေအနေဆိုးလာတာကိုလည်း လေ့လာတွေ့ရှိရပါ တယ်။ ဧရာဝတီမြစ်ကိုသွားကြည့်ရင် မြစ်ရိုးတစ်လျှောက်မှာ ရွှေတူး၊ ရွှေကျင်၊ သစ်ခုတ်တဲ့လုပ်ငန်း တွေကြောင့် ဂေဟစနစ်တွေပျက်စီးလာပါတယ်။ အဓိကကရေရှည်မှာ ရေနေသတ္တဝါတွေကိုလည်း စိုးရိမ်ဖွယ်ရာဖြစ်လာပါတယ်။ မန္တလေးမြို့နားမှာရှိတဲ့ ဧရာဝတီမြစ်ရဲ့ ရေအမှတ်က လွန်ခဲ့တဲ့အနှစ် ၃၀ တုန်းက အနေအထားနဲ့ အနိမ့်ဆုံးရေအမှတ်ကို ရောက်နေပါတယ်။ ၁၉၈၇ တုန်းက ၃၉၇ စင်တီမီတာ၊ ယနေ့ ၂၀၁၄ ခုနှစ်မှာ ၃၄၅ စင်တီမီတာထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ အလားတူ ဧရာဝတီ မြစ်ရိုးမှာရှိတဲ့ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက် မြောင်းကြားမှာရှိတဲ့ လင်းပိုင်လေးကောင်၊ ဝက်လက် မြို့နယ်နားမှာရှိတဲ့ လေးကောင် စုစုပေါင်း အားလုံး ၁၆ ကောင်ဟာ လွန်ခဲ့သော နှစ်တစ်ထောင် လောက်က နေခဲ့တာဖြစ်ပါတယ်။ အခုတော့ ဂေဟစနစ်ပျက်ဆီးမှုကြောင့် သူတို့အတွက်လည်း စိုးရိမ် နေရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ လုပ်ငန်းများကို လေ့လာကြည့် တဲ့အခါမှာ ကျွန်တော် ဒီအဆိုကို တင်သွင်းတဲ့အချိန်မှာ ဧရာဝတီမြစ်ကိုလေ့လာပါတယ်။ သို့သော် လက်တွေ့ကျကျ အကောင်အထည်ဖော်မှုကတော့ အားနည်းနေပါသေးတယ်။ သို့သော်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဧရာဝတီမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၈၈၇.၅၈၈ သန်း၊ ချင်းတွင်းမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၉၃.၅၅၄ သန်း ဒါက နိုင်ငံတော်အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ အလားတူပဲ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ မန္တလေးတိုင်းဒေသကြီး အတွင်းမှာ အစိုးရရန်ပုံငွေနဲ့ ကသာခရိုင်မှာ သံပုရာကုန်းရေလမ်း၊ ပြင်ဦးလွင်ခရိုင်မှာ ၃၀ ပေရေလမ်း၊ နန်းတော်ကျွန်းရေလမ်း၊ မန္တလေးခရိုင်မှာ ဂေါဝိန်ဆိပ်ရေလမ်း၊ ကျောက်ဆည်ခရိုင်မှာ ရက်စောက် ရိုးရေလမ်းတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေပြီးတော့ အသုံးပြုတာလည်း တွေ့ရပါတယ်။ ကချင်

ပြည်နယ်မှာ ပြည်နယ်အစိုးရကနေပြီးတော့ သန်းပေါင်း ၂၄၆၇၈ သန်းသုံးပြီးတော့ ဆောင်ရွက်နေတာလည်းတွေ့ရပါတယ်။ ဒီလိုဆောင်ရွက်မှုဟာ ရေရှည်မှာ ပိုမိုပျက်စီးလာနိုင်မှုကို ကာကွယ်နိုင်ဖို့လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်တွင်းမှာရှိတဲ့ CSO အသင်းအဖွဲ့များအနေနဲ့လည်း ဒါကို ထာဝရနိုင်ငံတော်အတွင်းမှာရှိတဲ့ အနာဂတ်မြစ်များဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၁၉၇၁ ခုနှစ်က ငြိမ်းချမ်းရေးတက်ကြွစွာလှုပ်ရှားခဲ့တဲ့ မက်ကော်နယ်ကနေပြီးတော့ ယူနက်စကိုကွန်ဂရက်မှာ အဆိုပြုခဲ့တာကို ကျွန်တော်တို့နိုင်ငံသား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကိုယ်တိုင် ၁၉၇၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ မြေကမ္ဘာနေ့၊ ဒါကိုအကြောင်းပြုပြီးတော့ ကျွန်တော်တို့ တွန်းအားပေးဆောင်ရွက်ဖို့ရှိတယ်လို့လည်း ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့အဆိုဟာ မူလတင်သွင်းသွားသည့်မှန်သော်လည်း နိုင်ငံတော်အစိုးရပိုင်းက ယခုလိုဆောင်ရွက်နေတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရပိုင်းအနေနဲ့ ယခု လက်ရှိအခြေအနေကနေ ပိုမိုပြီးတော့ တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် မြစ်ချောင်းများတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တင်ပြခဲ့တဲ့ အဆိုကို ရုပ်သိမ်းခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို စတင် တင်သွင်းစဉ်မှာပဲ တင်သွင်းတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ဒီအဆိုနဲ့ သက်ဆိုင်တဲ့ကိစ္စများကို ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ဆက်လက်ပြီးလည်း တိုးတက်အောင်ဆောင်ရွက်သွားဖို့အတွက် အကြံပြုပြီးတဲ့အခါမှာ အဆိုကို ရုပ်သိမ်းတာဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့ ဆွေးနွေးစရာမလိုတော့ပါဘူး။

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင် များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး အစီအစဉ် ၇၊ အစီအစဉ် ၈၊ အစီအစဉ် ၉၊ အစီအစဉ် ၁၀၊ အစီ အစဉ် ၁၁ များဟာ လွှတ်တော်များရဲ့ ချီးမြှင့်ငွေစရိတ်နှင့်သက်ဆိုင်တဲ့ ဥပဒေကြမ်းများ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းအစီအစဉ်များပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ တင်သွင်း လာတဲ့ ပြင်ဆင်အဆိုပြုချက်များကို လေ့လာတဲ့အခါမှာ အဓိက ဒေါ်ဇာတလဲမ်း တင်ပြထားတာရှိပါ တယ်။ ဒီအတိုင်းပဲ ဒေါ်တင်နွယ်ဦးတင်ပြထားတာရှိပါတယ်။ ကျန်တာကတော့ ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်အကြံပြုချက်များဖြစ်ပါတယ်။ ဒေါ်ဇာတလဲမ်းတို့၊ ဒေါ်တင်နွယ်ဦးတို့ ပြင်ဆင်ချက်အဆို များဟာ စေတနာပါပြီး သင့်တင့်မျှတတဲ့ ပြင်ဆင်ချက်အဆိုများဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့၊ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ယူဆပါတယ်။ သို့ရာတွင် ဘဏ္ဍာရေး၊ ငွေကြေး တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ပြည်သူ့ငွေများနှင့်သက်ဆိုင်နေတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများနှင့် သက်ဆိုင်သလို ပြည်သူများနဲ့ဖွဲ့စည်းထားတဲ့ အစိုးရအဖွဲ့များရဲ့ ဆန္ဒသဘောထားများလည်း ရယူ ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။

ဒီလိုပဲ ဒီကိစ္စဟာ အင်မတန်မှစဉ်းစားကြည့်မယ်ဆိုရင် သိမ်မွေ့တဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေဟာ စေတနာမှန်သလို လုပ်နည်းလုပ်ဟန်လည်း မှန်ဖို့လိုပါလိမ့်

မယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ ဥပဒေမှာရှိပါတယ်။ ကိုယ့်တရားကိုယ် စီရင်လို့မရပါဘူး။ ဒါကြောင့် ဒီနေ့ ချီးမြှင့်ငွေ၊ အသုံးအဆောင်စရိတ်များဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ကိုယ့်တရားကိုယ်စီရင်တဲ့သဘောမျိုးဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေ ဘယ်လိုပဲစေတနာမှန်မှန် လုပ်ဆောင်ချက်တွေဟာ လွဲမှားသွားမယ်ဆိုရင် ပြည်သူများ အခြားအဖွဲ့အစည်းများရဲ့ ပြောဆိုဝေဖန်မှုများကျရောက်လာနိုင်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ဒီလိုပဲ သုံးသပ်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ဆောင်ချက်တွေဟာ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ ညီ/မညီ။ ညီတဲ့အခါမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့အစည်းများဆိုတာ ကျွန်တော်တို့ လွှတ်တော်မှာဖွဲ့ထားတဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ စီမံ/ဘဏ္ဍာ၊ ဘဏ္ဍာဆိုတာ ငွေရေးကြေးရေးနှင့်သက်ဆိုင်တဲ့ကော်မတီ၊ နောက် ဘဏ္ဍာရေးနှင့် ငွေကြေးကော်မတီ လွှတ်တော်ဘက်က ဒီကော်မတီများနှင့် ထိုနည်းတူစွာပဲ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါဝင်ဖို့၊ ပါဝင်ခဲ့ခြင်းရှိ/မရှိ။ ထိုနည်းတူစွာပဲ ငွေရေးကြေးရေး စီမံခန့်ခွဲတဲ့နေရာမှာ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် ဘဏ္ဍာငွေကြေး နောက်စီမံကိန်း၊ အခွန်ဥပဒေများဟာ ပြည်ထောင်စုအစိုးရကသာလျှင် ပြည်ထောင်စုလွှတ်တော်မှာ တင်ပြအဆုံးအဖြတ်ခံယူ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ ဒီကိစ္စကို ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ပြီးဆောင်ရွက်မယ်ဆိုရင် မှန်ကန်မှုရှိ/မရှိ။ မျှတမှုရှိ/မရှိ။ လုပ်ထုံးလုပ်နည်းပြည့်စုံမှုရှိ/မရှိ။ ကျွန်တော့်အနေနဲ့ ဒီလိုပဲ ကျွန်တော်သုံးသပ်စဉ်းစားမိပါတယ်။ ဒါကြောင့် စေတနာမှန်သလို လုပ်နည်းလုပ်ဟန်မှန်ဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ဥပဒေပြုတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ဥပဒေပြုတဲ့အဖွဲ့အစည်းက ဥပဒေပြုတဲ့နေရာမှာရော၊ မိမိတို့ပြုလိုက်တဲ့ ဥပဒေများကို လိုက်နာတဲ့နေရာမှာ စံပြဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကိုယ်စားလှယ်များ တင်ပြအကြံပြုမှုဟာ စေတနာပါတယ်။ သင့်တင့်မျှတတယ်ဆိုသော်လည်း ကျွန်တော်တို့ရဲ့လုပ်ဆောင်မှုများဟာ မှန်ကန်မှုရှိ/မရှိ။ လုပ်ထုံးလုပ်နည်းနဲ့ ပြည့်စုံမှုရှိ/မရှိဖြစ်မှာ ကျွန်တော်စိုးရိမ်ပါတယ်။ အဲဒီရဲ့ အကျိုးဆက်များ မည်သို့ဖြစ်လာမည်ဆိုတာလည်း ကျွန်တော်တို့ ခန့်မှန်းနိုင်ခြင်းမရှိပါဘူး။

ဒါကြောင့်မို့လို့ အခုတင်ပြလာတဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီဆိုတာ ငွေကြေးများနှင့် ပြည်သူ့ငွေကြေးများနှင့်ပတ်သက်ပြီးတော့ စိစစ်ကြပ်မတ်ရတဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ လွှတ်တော်အခွင့်အရေးကော်မတီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကို

မှန်မှန်ကန်ကန်ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးရမယ့်ကော်မတီ၊ ပြီးတဲ့အခါမှာ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးစီမံကိန်းအစသဖြင့် ဒီကော်မတီတွေရဲ့ ပါဝင်ဆွေးနွေးအကြံပြုမှုတွေ၊ ထိုနည်းတူစွာပဲ ပြည်ထောင်စုအစိုးရကိုယ်စားလှယ်၊ ပြည်ထောင်စုက ကိုယ်စားလှယ်ဆိုတဲ့နေရာမှာ ဒီနေရာမှာ တကယ့်ကို အဆုံးအဖြတ်ပေးနိုင်တဲ့ကိုယ်စားလှယ်များ တစ်ဦးဟုတ်ချင်မှဟုတ်မယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနတစ်ခုတည်းဟုတ်ချင်မှဟုတ်မယ်။ အဲဒီတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်များအားလုံး ညှိနှိုင်းတိုင်ပင်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့အခွင့်အရေးကို မှန်မှန်ကန်ကန် မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးဖို့လည်းလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီတင်ပြလာတဲ့ ဥပဒေကြမ်း ၅ ခုကို ခုနက ကျွန်တော်တင်ပြတဲ့ကော်မတီများ လွှဲပြောင်းပြီး လုပ်ထုံးလုပ်နည်းမှန်ကန်အောင် ဆောင်ရွက်ဖို့နဲ့ သက်ဆိုင်ရာပြည်ထောင်စုအစိုးရရဲ့ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို မှန်မှန်ကန်ကန်နှင့် သင့်တင့်မျှတစွာ အမြန်ဆုံးရရှိအောင် လုပ်ပေးဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကတစ်ဆင့် ဒီလိုတင်ပြချင်ပါတယ်။ ဒီနေ့ တင်ပြချက်ပေါ်မူတည်ပြီးတော့ မဲခွဲဆုံးဖြတ်လိုက်မယ် လွယ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လုပ်ဆောင်ချက်က မှားယွင်းနေတယ်၊ လိုအပ်နေတယ်ဆိုရင် တစ်သက်လုံး သမိုင်းရဲ့တရားခံ ကျွန်တော်တို့လွှတ်တော်က အဖြစ်ခံလို့မရပါဘူး။ ဒါကြောင့်မို့လို့ ပြည့်စုံလုံလောက်သော ဆွေးနွေးမှုများဆောင်ရွက်ပြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ မှန်ကန်သော၊ ရသင့်ရထိုက်သော အခွင့်အရေးများရရှိနိုင်ဖို့အတွက်လည်း ပြည်ထောင်စုအစိုးရအပါအဝင် ကျန်တဲ့အဖွဲ့အစည်းအသီးသီးက ကူညီဆောင်ရွက်ပေးဖို့ကိုလည်း ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ဒါကြောင့် ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌရဲ့ ဆုံးဖြတ်လိုတဲ့အချက်ကတော့ အခု ဒီလိုတင်ပြလာတဲ့ဥပဒေ ကြမ်းတွေကို ခုနက သက်ဆိုင်ရာကော်မတီများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိတဲ့အဖွဲ့များကို လွှဲအပ်ပေးပြီး လွှတ်တော်ကိုယ်စားလှယ်များ ရသင့်ရထိုက်တဲ့အခွင့်အရေးများကို မှန်မှန်ကန်ကန် ရရှိရေးအတွက် ဆောလျင်စွာဆောင်ရွက်ပေးဖို့ပဲ ဒီလိုပဲ ကျွန်တော်က တင်ပြချင်ပါတယ်။ ဒါကြောင့် အခု ကျွန်တော် ဒီလိုတင်ပြဆုံးဖြတ်ရမယ့်ကိစ္စကို အဓိကစေတနာနဲ့တင်ပြပေးခဲ့တဲ့ ဒေါ်ဇာတလဲမ်းအနေနဲ့ ဘာများ ပြောစရာရှိပါသလဲ။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ကျွန်မ အဲ့ဒီ ချီးမြှင့်ငွေနဲ့ပတ်သက်ပြီးတော့ အချက် ၃ ချက်နဲ့တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီအချက် ၁ ချက်မှာ မူလပြဋ္ဌာန်းချက် သုံးသိန်း အစား ကျွန်မက ၁၅ သိန်းနဲ့ အစားထိုးပြင်ဆင်ခဲ့ပါတယ်။ နံပါတ်(၂)မှာ မူလပြဋ္ဌာန်းချက် နှစ်သိန်းအစား ၁၀ သိန်းနဲ့ ကျွန်မ ပြင်ဆင်ချက်ရှိပါတယ်။ နံပါတ်(၃)မှာ မူလပြဋ္ဌာန်းချက် တစ်သိန်းအစား ကျွန်မ ငါးသိန်းနဲ့ ပြင်ဆင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်မ နည်းနည်းလေး ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မက ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်က ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်။ ကျွန်မ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ အဲ့ဒီကိစ္စနဲ့ ကျွန်မ ညီနောင်ပါတီများ ကျွန်မကို ကျွန်မ နာမည်နဲ့ ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းခဲ့ဖူးပါတယ်။ ဒါပေမယ့် ကြယ်ပွင့်ပြမေးခွန်းဟာ အဲ့ဒီ လွှတ်တော်ကို ရောက်မလာဘဲနဲ့ နိုင်ငံတော်သမ္မတက ကျွန်မတို့ရဲ့တင်ပြချက်အတိုင်း သူတို့လစာ ချီးမြှင့်ငွေကို အလိုလိုလျှော့ခဲ့ပါတယ်။ အဲ့ဒီလျှော့ခဲ့တဲ့အတွက် ကျွန်မက ဆက်မတင်တော့ပဲ နေခဲ့ပါ တယ်။ ဒါပေမယ့် အခုက နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးတွေက အဲ့ဒီလစာကို ပြန်ယူလာတဲ့အခါမှာ ကျွန်မ ကြယ်ပွင့်ပြမေးခွန်းတင်ပြခဲ့တဲ့ အခွင့်အရေးလေးကို ပြန်ဆွေးနွေးချင်ပါတယ်။ ကျွန်မတို့က ငွေကြေးကို ပထမထားပြီးတော့ လိုချင်တာမဟုတ်ပါဘူး။ လုပ်ထုံးလုပ်နည်းနဲ့နည်းစနစ်မကျတာကို ကျွန်မတို့ ကန့်ကွက်ခြင်းဖြစ်ပါတယ်။ အခုက ပြောမယ်ဆိုလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ ချီးမြှင့်ငွေ ဟာ ၃၅ သိန်းဖြစ်ပြီးမှ ကျွန်မတို့က သုံးသိန်းပဲဖြစ်ပါတယ်။ အဲ့ဒါမျိုး ကွာဟမှု၊ ကွာခြားမှုကို ကျွန်မတို့ တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒါမျိုးကို မဖြစ်သင့်ဘူးလို့ ကျွန်မတို့ယူဆပါတယ်။ ပြီးတော့ ကျွန်မတို့က နိုင်ငံတကာကို လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ချီးမြှင့်ငွေဟာ ဝန်ကြီး လစာတစ်ဝက် ရှိကြောင်းကိုလည်း ကျွန်မတို့လေ့လာတွေ့ရှိခဲ့ပါတယ်။ အဲ့ဒီတင်ပြချက်မှာလည်း လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ချီးမြှင့်ငွေကိုလည်း နိုင်ငံတော် ဒုတိယသမ္မတလစာနဲ့တူသင့်တယ်လို့ ကျွန်မ အရင်က တင်ပြခဲ့တာရှိပါတယ်။ ပြီးတော့ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေက ဒီလွှတ်တော် ရောက်လာဖို့က ကျွန်မတို့စီးပွားရေး၊ ကျွန်မတို့မိသားစုကိုထားခဲ့ပြီးတော့မှ ငွေကြေးများစွာအကုန်ခံပြီး ဒီလွှတ်တော်ကို တစ်တပ်တစ်အား လာရောက်သူများဖြစ်ပါတယ်။ ကျွန်မတို့က အခုက အခက်အခဲ များစွာ ရှိခဲ့ပါတယ်။ ကျွန်မတို့ဂုဏ်သိက္ခာနှင့်အညီ လူမှုရေးတွေကလည်း များတယ်ဆိုတော့ အခု ခံစားချက်လစာနဲ့ လုံးဝလုံလောက်မှုမရှိပါဘူး။ ကျွန်မဒေသပြောမယ်ဆိုလို့ရှိရင် အခုက နိုင်ငံတော်က လစာကို နှစ်ဆတိုးပေးတဲ့အခါမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေဟာ မူလတန်း ဆရာလစာက ပိုများလာတယ်။ ကျွန်မတို့ ပြည်ထောင်စုအဆင့်လစာက ပြည်နယ်ဦးစီးမှူးလစာ

သုံးသိန်းခွဲဖြစ်ပါတယ်။ အဲ့လိုဖြစ်တဲ့အခါ ကျွန်မတို့က အခက်အခဲများစွာကြုံတွေ့ရပါတယ်။ လစာနဲ့ ငွေကြေးနဲ့ လုပ်ပိုင်ခွင့်နှင့်အာဏာကို တိုင်းကြည့်တဲ့အခါမှာ ကျွန်မတို့အခက်အခဲများစွာရှိပြီးတော့ လုပ်ပိုင်ခွင့်များ လုံးဝမရှိခဲ့ပါဘူး။ အဲ့ဒါကြောင့် ချီးမြှင့်ငွေနဲ့ပတ်သက်ပြီးတော့ ဥပဒေကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပိုရလေလေ ပြည်သူလူထုအတွက် ပိုပြီးတော့ အကျိုးပြုလေလေ၊ သုံးလေလေဖြစ်မှာဖြစ်ပါတယ်။ အခု ကျွန်မတင်ပြချက်များကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကျွန်မ တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးရယူပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ဒီအတွက်လည်း တာဝန်ရှိသလို တာဝန်ခံဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။ ခုနက တင်ပြသလို လွှတ်တော်ဥက္ကဋ္ဌ ၃၅ သိန်း ရတာကလည်း ပြောမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များနှင့်ခြားနားတာ မမျှမတဖြစ်နေတာလည်း သိပါတယ်။ ဥပဒေပြုရေးကိစ္စအပါအဝင် အခြားကိစ္စများ ဆောင်ရွက်တဲ့နေရာမှာ ဥက္ကဋ္ဌတစ်ယောက်တည်းလုပ်လို့မရပါဘူး။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပါဝင်ပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ ဒီလောက် ၃၅ သိန်းနဲ့ သုံးသိန်း ၁၂ ဆလောက်ကွာပြီး ရှိနေတာလည်း မမျှတဘူး။ ကိုယ့်စိတ်ကလည်း မလုံမခြုံလည်း ဖြစ်မိပါတယ်။ သို့ရာတွင် ဒါပြီးခဲ့တဲ့ ပြဋ္ဌာန်းတဲ့ဥပဒေများပဲဖြစ်ပါတယ်။ တစ်ခါ တစ်ဖက်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ဒီနေ့ နိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းတွေရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းရဲ့အကြီးဆုံးသောဝန်ထမ်းများဟာ ဒီနေ့ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ ဖြစ်ပါတယ်။ သူတို့ရဲ့လစာက နှစ်သိန်းခွဲဖြစ်ပါတယ်။ အဲ့ဒီတော့ နိုင်ငံတကာမှာ ခုနက ပြောသလို ကြည့်မယ်ဆိုလို့ရှိရင်လည်း ဒီညွှန်ကြားရေးမှူးချုပ်၊ အတွင်းဝန်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရဲ့လစာတွေ ပြန်ချိန်ထိုးကြည့်မယ်ဆိုလို့ရှိရင်လည်း တွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒီနေ့ သုံးသိန်းရပါတယ်။ နိုင်ငံ့ဝန်ထမ်းအကြီးအကဲတွေက နှစ်သိန်းခွဲရပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ခုနက ပြောတဲ့ အခြေအနေတွေပေါ်မူတည်ပြီးတော့ ၃ သိန်း နည်းတယ်။ သို့မဟုတ်ရင် ၃ သိန်းက မမျှတဖြစ်တယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းအကြီးအကဲနှင့် အခြားဝန်ထမ်းများအတွက်လည်း ကျွန်တော်တို့က ကြည့်ရှုဖို့လိုပါတယ်။ ပြည်သူ့ကိုယ်စားလှယ်ဆိုတာ ပြည်သူတွေအတွက် ကြည့်ပေးဖို့ဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလာပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ အခုန ကျွန်တော်တို့ကို ချီးမြှင့်ပေးမယ်ဆိုတဲ့၊

**မူကြမ်း**

ချိးမြှင့်ဖို့သင့်တယ်ဆိုတဲ့ လစာတွေဟာလည်း ပြည်သူ့ငွေများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ချီးမြှင့်ပေးဖို့အတွက် ကိုယ်တရားကိုယ်စီရင်ပြီးတဲ့အခါမှာ လစာ သို့မဟုတ် ချီးမြှင့်ငွေကို ဘယ်လောက်။ ဒီလို လွှတ်တော်ကနေပြီးတော့ သတ်မှတ်လိုက်မယ်ဆိုရင် အခုန ကျွန်တော် တင်ပြသလို သင့်/မသင့်၊ ရ/မရ။ အဲ့ဒီအတိုင်းပဲ ဝန်ထမ်းအနေနဲ့ပတ်သက်လို့လည်း သင့်/မသင့်၊ ရ/မရ မျှတမှု ရှိ/မရှိ။ ဒါတွေလည်း အလေးအနက်ထား စဉ်းစားရပါမယ်။ ပြီးရင် ခုနက ကျွန်တော် တင်ပြသလိုပဲ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီလို လစာငွေတွေကို ကျွန်တော်တို့က ချီးမြှင့်ငွေတွေကို တိုးပေးဖို့ ကျွန်တော်တို့လွှတ်တော်မှာ လုပ်ပိုင်ခွင့်ရှိတယ်၊ မရှိဘူး ကျွန်တော် ကောင်းကောင်းမသိပါဘူး။ ဒါပေမယ့် ဥပဒေပြုဖို့တော့ ကျွန်တော်တို့ တာဝန်ရှိပါတယ်။ လစာငွေသည်လည်း ဥပဒေပြုတာ။ သို့ရာတွင် ဘာနဲ့စပ်ဆိုင်သလဲဆိုတော့ ပြည်ထောင်စုအစိုးရကသာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ နိုင်သော စီမံကိန်း၊ ဘတ်ဂျက်၊ အရအသုံးနဲ့ အခွန်ငွေကိစ္စများကို ပြည်ထောင်စုအစိုးရကသာ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီး အဆုံးအဖြတ်ပေးရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ငွေရေးကြေးရေး တွေပါပါတယ်။ ငွေရေးကြေးရေးကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ ခြုံငုံပြီး စီမံခန့်ခွဲရမှာကတော့ ကျွန်တော်တို့လွှတ်တော်မှာ တာဝန်ရှိတယ်။ အဲ့ဒီလွှတ်တော်ဆိုတဲ့နေရာမှာလည်း ပြည်ထောင်စု လွှတ်တော်မှာပဲ တာဝန်ရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်က အဆုံးအဖြတ်ပေးပါ ဆိုတာက ဒါယေဘုယျလက်ခံတယ်။ ဒီကိစ္စမှာတော့ လွှတ်တော်က မှန်ကန်စွာ အဆုံးအဖြတ်ပေး နိုင်အောင် ကျွန်တော်တို့လွှတ်တော်က ဒီလိုကိစ္စမျိုးမှာ အဆုံးအဖြတ်ပေးခွင့်ရှိလား၊ မရှိဘူးလား။ ပေးခွင့်ရှိတယ်ဆိုလို့ရှိရင်ရော အခုနက ဒီကော်မတီအသီးသီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆွေးနွေးပြီးပြီလား။ ပြီးတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ပညာရှင်များအပါအဝင် ဒီပုဂ္ဂိုလ်များနဲ့ရော ညှိနှိုင်းပြီးပြီလား။ အဲ့လိုမှ မပြည့်စုံသေးဘူးဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ် များရဲ့အခွင့်အရေးကို မှန်မှန်ကန်ကန်မျှမျှတတရရှိအောင် ဒီကော်မတီများကို လွှဲအပ်ပြီးတဲ့အခါမှာ လွှတ်တော်ကို အမြန်ဆုံးပြန်လည်တင်ပြဖို့ပဲ ကျွန်တော့်ဘက်က ဒီလိုသဘောရပါတယ်။ တစ်စပ်တည်း ပြောရမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌ ၃၅ သိန်းရတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ အခု ဒီလိုဆွေးနွေးတဲ့အခါမှာ ကျွန်တော်လည်း ရသင့်သလောက်ကိုပဲယူပြီးတော့ ကျန်တဲ့ငွေများကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ ထိုက်သင့်သလို သုံးနိုင်အောင် ကျွန်တော့်ဘက်က ဒီလိုပဲ စိတ်ကူးရှိပါတယ်။ ကျွန်တော် မမျှမတရရှိမှုကို ကျွန်တော် မကျေနပ်ပါဘူး။ မကြိုက်ပါဘူး။ သို့ရာတွင် ဥပဒေအရဖြစ် တယ်။ ဥပဒေကို ပြင်ဆင်တဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်က ပြင်ဆင်ခွင့်ရှိသလား ဒီဥပဒေကို။

**မူကြမ်း**

ပြီးတဲ့အခါမှာ ပြင်ဆင်တဲ့ နည်းလမ်းကရော မှန်သလား။ ဒါကြောင့်မို့လို့ မှန်ကန်မှုရှိအောင် အခုနက ဒီကော်မတီတွေ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အပါအဝင် ဒီဟာတွေ လွှဲအပ်ပြီးတဲ့အခါမှာ ဒီကော်မရှင်ကနေပြီးတော့၊ ဒီကော်မတီတွေကနေပြီးတော့ ကျွန်တော်တို့ဥပဒေတွေကို ပြင်ဆင်နိုင်ခွင့်ရှိတယ်။ ပြင်ဆင်တဲ့အခါမှာလည်း ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းတွေမှန်တယ်ဆိုတဲ့ အဲ့ဒီ တင်ပြချက်ရတယ်ဆိုလို့ရှိရင် လွှတ်တော်မှာ ဆက်လက်ပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူပါမယ်။ ဒီနေ့တော့ ကျွန်တော့်အနေနဲ့ ဒီအဆုံးအဖြတ်ကို လွှတ်တော်မှာ ယူလိုက်မယ်ဆိုရင် နောင်မှာ တရားခံဖြစ်ပြီးတဲ့အခါမှာ မလုပ်သင့်မလုပ်ထိုက်တဲ့ကိစ္စကို လုပ်မိခြင်းအားဖြင့် ကျွန်တော်တို့ ဒီနေ့ လွှတ်တော်ကို နိုင်ငံတကာအပါအဝင် ပြည်သူများက ယုံကြည်မှုရှိတဲ့ နေရာမှာ နိုင်ငံတကာအပါအဝင် ပြည်သူများရဲ့ ယုံကြည်မှုကိုမရတဲ့ လွှတ်တော်အဖြစ်မျိုးလည်း ကျွန်တော်အဖြစ်မခံနိုင်ပါဘူး။ ဒီလိုပြောတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးတွေ မရအောင် ပိတ်ပင်တာလည်းမဟုတ်ဘူး။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကို မှန်မှန် ကန်ကန်မျှမျှတတ နည်းလမ်းတကျဖြစ်အောင် ကျွန်တော် ဆောင်ရွက်သွားပါမယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော် ဒီရဲ့ဆုံးဖြတ်ချက်နဲ့ပတ်သက်လို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကျွန်တော် တင်ပြခဲ့တဲ့ ဒီဥပဒေများ ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်ဖို့အတွက် တင်ပြခဲ့တဲ့ ကော်မတီ အသီးသီးနဲ့ ပြည်ထောင်စုအစိုးရကိုပါ မေတ္တာရပ်ခံဆောင်ရွက်ပေးပြီး လွှတ်တော်ကိုယ်စားလှယ်များ မှန်မှန်ကန်ကန် ထိုက်သင့်တဲ့အခွင့်အရေးရရှိဖို့အတွက် ဆောင်ရွက်ပေးဖို့ရယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ နိုင်ငံမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်း၊ အဖွဲ့အစည်းများ ရရှိသင့်၊ ရရှိထိုက်တဲ့ ကိစ္စများကို ဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ ဒါကြောင့် အခု အစီအစဉ် ၇၊ အစီအစဉ် ၈၊ အစီအစဉ် ၉၊ အစီအစဉ် ၁၀၊ အစီအစဉ် ၁၁ နဲ့ပတ်သက်ပြီးတော့ အခု ဒီဥပဒေကြမ်းများကို အခုနက ကျွန်တော် တင်ပြတဲ့ ကော်မတီ၊ ကော်မရှင်ကို လွှဲအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကို မှန်မှန်ကန်ကန် မျှမျှတတရရှိရေးအတွက် အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပြီး လွှတ်တော်ကို တင်ပြဖို့ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်(သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**